# TBBC THAILAND BURMA BORDER CONSORTIUM

## (၂၀၀၆ ခုနှစ် ဇန်နဝါရီလမှဇွန်လအတွင်း အစီအစဉ်များဆိုင်ရာအစီရင်ခံစာ မှကောက်နုတ်ဖေါ်ပြချက်)

## ၁။ အကျဉ်းချုပ်နှင့် ငွေကြေးထောက်ပံ့မှု မေတ္တာရပ်ခံချက်

## ၂။ ၂၀၀၆ ခုနှစ် ဇန်နဝါရီလမှ ဂျွန်လအထိ ဒုက္ခသည်များ အခြေအနေ

### ၁။ အကျဉ်းချုပ်နှင့် ငွေကြေးထောက်ပံ့မှု မေတ္တာရပ်ခံချက်

**မေတ္တာရပ်ခံချက်**။ ။ ယခုအစီရင်ခံစာသည် ၂၀၀၆ ခုနှစ် ပထမ နှစ်ဝက်အတွင်း ထိုင်းမြန်မာနယ်စပ်အဖွဲ့၏ လုပ်ငန်းအစီအစဉ်များကို ဖေါ်ပြထားခြင်းဖြစ်ပြီး၊ ၂၀၀၇ ခုနှစ်အတွက် ဘတ်ငွေ ၁၂၀၄ သန်း (အမေရိကန်ဒေါ်လာ ၃၁ ဒသမ ၇ သန်း သို့မဟုတ် ယူရို ၂၅ ဒသမ ၁ သန်း) အတွက် တောင်းဆိုချက်တခုလည်း ဖြစ်သည်။ ဇန်နဝါရီလမှစတင်ခဲ့သော ထပ်လောင်းငွေကြေးလိုအပ်ချက်အတွက် အရေးပေါ်ဘဏ္ဍာငွေတင်ပြတောင်းဆိုမှုသည် အောင်မြင်ခဲ့ပြီး၊ ၂၀၀၆ ခုနှစ် ဘဏ္ဍာငွေအကျပ်အတည်းကိစ္စကို အောင်မြင်စွာ ဖြေရှင်းနိုင်ခဲ့သည်။ TBBC၏ ဘဏ္ဍာငွေအလှူရှင်များအားလုံးနှင့် အထူးသဖြင့် ယခင်ထားရှိပြီးဖြစ်သော ကတိကဝတ်များထက် ကျော်လွန်၍ ကူညီထောက်ပံ့ပေးခဲ့သော ဩစတေးလျနိုင်ငံ၊ ချဒ်ရီပဲ့ပလစ်၊ အိုင်ယာလန်၊ နယ်သာလန်နှင့် နော်ဝေးနိုင်ငံများကို အထူးလှိုက်လဲစွာ ကျေးဇူးဥပကာရ တင်ရှိအပ်ပါသည်။ EC၊ ဆွတ်ဇာလန် နှင့် အမေရိကန်ပြည်ထောင်စုများသည်လည်း တောင်းဆိုမေတ္တာရပ်ခံချက်များကို ဆက်လက်အရေးယူ လုပ်ဆောင်ပေးနေဆဲ ဖြစ်သည်။

**ဒုက္ခသည်အရည်အတွက်**။ ။ ယခုကာလအပိုင်းအခြားတွင် မြန်မာပြည်အရှေ့ပိုင်းအတွင်း အခြေအနေသည် လွန်စွာပင်ဆိုးဝါးလျက်ရှိသည်။ ယမန်နှစ် အကုန်ပိုင်းတွင် ကရင်ပြည်နယ်အတွင်း စစ်ရေးအတရလှုပ်ရှားမှုများကို နအဖက ဆက်လက်ပြုလုပ်နေဆဲ့သည်။ ယခုအချိန်ထိဆိုလျှင် ထိုစစ်ရေးလှုပ်ရှားမှုများကြောင့် လူပေါင်း ၁၈၀၀၀ အခြေမဲ့ဘဝသို့ ရောက်ခဲ့ရသည်။ အခြားနယ်စပ်ဒေသများတွင် လူ့အခွင့်အရေးချိုးဖောက်မှုများ ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်ဖြစ်ပေါ်နေပြီး၊ အထူးသဖြင့် အတင်းအဓမ္မလုပ်အားပေးမှုများ၊ လယ်ယာမြေနှင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများကို အတင်းအကြပ် သိမ်းဆည်းမှုများသည် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်နေဆဲဖြစ်သည်။ ကိန်းဂဏန်းအရ တိတိကျကျ သတ်မှတ်ရန် ခက်ခဲသော်လည်း၊ ဂျွန်လအကုန်တွင် ဤသြ လက်ဝယ်ရရှိထားသော ဖြစ်ရပ်စုစုပေါင်း အရေအတွက် ၇၆၉၄ မှ ၁၆၂၉၀၆ အထိ တိုးတက်ခဲ့သည်။ လွန်ခဲ့သော ဆယ်နှစ်အတွင်း ခြောက်လအတိုင်းအတာတွင် အမြင့်မားဆုံး တိုးမြင့်လာမှု ဖြစ်ခဲ့သည်။

**ပြန်လည်အခြေချမှု**။ ။ အဓိကအားဖြင့် အမေရိကန်ပြည်ထောင်စု၏ ဥပဒေကြောင်းဆိုင်ရာအရ ထန်ဟင်းဒုက္ခသည်စခန်းအတွင်းရှိ ဒုက္ခသည် ၁၀၅၂ သည် တတိယနိုင်ငံအတွင်း ပြန်လည်အခြေချရန် ထွက်ခွာမှု နှောင့်နှေးရမှုအပေါ် စိတ်ပျက်လက်ပျက် ရှိခဲ့ကြသည်။ ယင်းပြဿနာကို တစိတ်အပိုင်းအရ အနည်းဆုံး ဖြေရှင်းနိုင်ခဲ့ပြီး ဖြစ်ပြီး၊ ဒုက္ခသည်များသည် မကြာမီကာလအတွင်း စခန်းမှ စတင်ထွက်ခွာနိုင်ကြမည်ဟု မျှော်လင့်ထားရသည်။ သို့သော် ၂၀၀၆ ခုနှစ်တွင် နယ်စပ်တလျှောက်တွင် ဒုက္ခသည် ၅၀၀၀ ထက်ပို၍ ထွက်ခွာနိုင်ဖွယ်မရှိပေ။ အနာဂါတ်အလားအလာများအတွက် သေချာမှုမရှိသော်လည်း၊ ပြန်လည်အခြေချမှုသည် ရှေ့နှစ် သို့မဟုတ် လာမည့်နှစ်များအတွင်း စခန်းအတွင်းရှိ လူဦးရေ အရည်အတွက်ကို သိသိသာသာ ခြားနားသွားလိမ့်မည်ဟု အကောင်းဘက်က မျှော်လင့်နိုင်သည်။

**အလားအလာများ**။ ။ လက်လှမ်းမြင်နိုင်သော အနာဂါတ်အတွက် ဒုက္ခသည်အရည်အတွက်သည် ပိုမိုများပြားလာနိုင်သည်မှာ ဖြစ်နိုင်ချေ အတော်ရှိနေသည်။ ထို့ကြောင့် ထိုင်းအစိုးရနှင့် ဆွေးနွေးညှိနှိုင်းရာတွင် ဒုက္ခသည်များအတွက် ဝင်ငွေရရှိရေးနှင့် သင်တန်းများ၊ ပညာရေးများသင်ကြားနိုင်သော အခွင့်အလမ်းပိုမိုရရှိရေးအတွက် အလားအလာများကို ဆက်လက် တွန်းအားပေးရမည်ဖြစ်သည်။ NGO များကို UNHCR နှင့် တွဲဖက်၍ စခန်းများအတွင်း ဝင်ငွေဖန်တည်းပေးသော လုပ်ငန်းများ လုပ်ကိုင်နိုင်ခွင့်ကို ခွင့်ပြုထားပြီး ဖြစ်သည်နှင့်အညီ အလှူရှင်များနှင့် ဆက်စပ်လုပ်ကိုင်ရန် ပြီးပြည့်စုံသော အစီအစဉ်တရပ်ကို ဆက်လက် ရေးဆွဲထားပြီးလည်း ဖြစ်သည်။ ရေတိုကာလတွင် လုပ်ငန်းအသစ်များတွင် အရင်းအမြစ်များပိုမို၍ လိုအပ်လိမ့်မည် ဖြစ်သည်။ သို့သော် ရေရှည်တွင်မူ ဒုက္ခသည်များသည် ၎င်းတို့ကိုယ်တိုင် အမှီအခိုကင်းကင်းနှင့် လုပ်ဆောင်နိုင်မှု အတိုင်းအတာ ပိုမို၍ များပြားလာလိမ့်မည်ဟု မျှော်လင့်ရသည်။

**TBBC၏ အသုံးစားရိတ်များ။** ။ အလှူရှင်များအနေနှင့် ဒုက္ခသည်များ၏ ဘဝများပိုမိုပြည့်စုံဖူလုံစေရန်အတွက် အခွင့်အလမ်းအသစ်များကို ကူညီမေးမည်ဟု TBBC ကမျှော်လင့်ထားသလို အခြေခံလိုအပ်ချက်အတွက် ဆက်လက်ထောက်ပံ့မှု ဖြစ်သော တခုလုံးဆိုင်ရာ အကာအကွယ်ပေးရေးနှင့် အထောက်အပံ့ပေးရေးကိုလည်း ဆက်လက်ဦးစားပေး ရမည် ဖြစ်သည်။ ဤဿသည် ၂၀၀၆ ခုနှစ်အတွင်း ဘတ်ငွေ ၁၀၁၁ သန်း သုံးစွဲမည်ဟု မျှော်လင့်ထားပြီး၊ နောက်ဆုံးအချိန်တွင် အကာအကွယ်ပေးရေးအတွက် ၄ ရာခိုင်နှုန်းအထိ သုံးစွဲခဲ့သည်။ ယင်းကဲ့သို့ သုံးစွဲရခြင်းမှာ အသစ်ထပ်မံရောက်ရှိလာသည့်နှုန်း မြင့်တက်လာခြင်းကြောင့် အဓိကဖြစ်ပြီး၊ အလှူရှင်အသစ်တဦး၏ ငွေကြေးထောက်ပံ့ပေးနေသော အရေးပေါ် အကူအညီပေးရေးအစီအစဉ် (ERA) တိုးမြင့်လာမှုကြောင့်လည်း ဖြစ်သည်။ ၂၀၀၇ ခုနှစ်အတွက် လျာထားငွေ ၁၂၀၄ သန်းသည် ၁၉ ရာခိုင်နှုန်း မြင့်တက်လာမှုကို ကိုယ်စားပြုပြီး အသစ်ရောက်ရှိနေဆဲဖြစ်သော ဒုက္ခသည်အသစ်များနှင့် ဈေးနှုန်းဖေါင်းပွလာမှုကို ထင်ဟပ်စေပြီး၊ ဘဏ္ဍာငွေအကျပ်အတည်းကြောင့် ၂၀၀၆ ခုနှစ်အတွင်းက ရပ်ဆိုင်းထားခဲ့သော အဆောက်အဦးများဆောက်လုပ်ရေးလိုအပ်များကို ထောက်ပံ့ရေးအတွက်လည်း ပါဝင်သည်။ အပိုဆောင်း ၁၉ ရာခိုင်နှုန်း တိုးမြင့်ခြင်းသည် ကြီးမားသော စိန်ခေါ်မှုတရပ်ဖြစ်လိမ့်မည် ဖြစ်ပြီး၊ ဤဿသည် ရေရှည် စီမံကိန်းများနှင့် TBBC အလှူရှင် အသိုင်းအဝန်းအတွင်း တာဝန်ရှိမှုများ မျှဝေယူရသော ပိုမိုပြည့်စုံသော ဘဏ္ဍာငွေမဟာဗျူဟာတစ်ခုကို ပြင်ဆင်နေဆဲဖြစ်သည်။

**TBBC ၏ ပဏာမခြေလှမ်းများ။** ။ TBBC ကိုယ်တိုင်ပင်လျှင် စိတ်လှုပ်ရှားဖွယ် ဆန်းသစ်မှုရှိသော ခြောက်လကို ဖြတ်သန်းခဲ့သည်။ ဘုတ်အဖွဲ့သည် အုပ်ချုပ်ရေးပေါ်လစီအသစ်များကို အပြီးသတ်ခါနီး ဖြစ်သည်။ ဗြိတိန်အာဏာပိုင်များထံ ပထမအစီရင်ခံစာနှင့် ငွေစာရင်းများကိုလည်း တင်သွင်းပြီး ဖြစ်သည်။ အုပ်ချုပ်ရေးပိုင်းတွင် ပြင်ပအကြံပေးများကို ခေါ်ယူအသုံးပြုနေဆဲဖြစ်ပြီး၊ လုပ်ငန်းစီမံကိန်းနှင့် အုပ်ချုပ်ရေးပိုင်းတွင် ပိုမိုခိုင်မာလာစေရန် ပြန်လည်သုံးသပ်ခြင်းလုပ်ငန်းများအာလည်း ပြင်ပအကြံပေးများကို တာဝန်ပေးနေဆဲ ဖြစ်သည်။ ယခု ကာလအတွင်းတွင် ဝန်ထမ်းပေါ်လစီများ ပြန်လည်သုံးသပ်ခြင်း၊ ဝန်ထမ်းဖွံ့ဖြိုးရေးအစီအစဉ်များ ရေးဆွဲခြင်း နှင့် အလှူရှင်များ ပိုမိုစိတ်ဝင်စားစေရန် TBBC၏ လုပ်ဆောင်ချက်များကို မည်ကဲ့သို့ ပြန်လည်ပြင်ဆင်သင့်သည်နှင့် ပတ်သက်၍ လေ့လာမှုများတွင် အကြံပေးများကို အသုံးပြုခဲ့သည်။ ERA နှင့် အစားအသောက်ထောက်ပံ့ပေးရေး အစီအစဉ်များအား ပြန်လည်သုံးသပ်ခြင်းများအား ထပ်လောင်းပြုလုပ်ရန် စီစဉ်နေဆဲဖြစ်သည်။ တချိန်တည်းမှာပင် TBBC website (www.tbbc.org) ကို စတင်ထုတ်လွှင့်ခဲ့သည်။ ရိက္ခာခွဲတမ်းအသစ်စနစ်ကို စတင်စမ်းသပ်ခဲ့ပြီး ဖြစ်သည်။ စောင့်ကြည့်ကြပ်မတ်ခြင်းဆိုင်ရာ အစီရင်ခံစာများကို အချိန်နှင့် တပြေးညီ ပြုလုပ်နိုင်ခဲ့ပြီး ဖြစ်သည်။ ညီမျှသော ဒုက္ခသည်ကိုယ်စားပြုများ၊ ဝေဖန်အကြံပြုချက်များ ပိုမိုရရှိရန်အတွက် လူထုအခြေပြုအဖွဲ့အစည်းများနှင့်အတူ ဖိုရမ်များကို တည်ထောင်နိုင်ခဲ့ပြီး ဖြစ်သည်။

**နိုင်ငံရေးအခြေအနေ။** ။ မြန်မာနိုင်ငံအတွင်း နိုင်ငံရေးအပြောင်းအလဲအတွက် မျှော်လင့်ချက်သည် ဝေဝါးဝါး ဖြစ်နေဆဲပင်ဖြစ်သည်။ အောက်တိုဘာလတွင် အမျိုးသားညီလာခံပြန်စရန် ရည်ရွယ်ထားသည်ဟု မကြာသေးခင်က နအဖက အတည်ပြုခဲ့သော်လည်း ယခင်ညီလာခံသတ်တမ်းများထက် ပိုမို၍ ကိုယ်စားပြုမှု သို့မဟုတ် ဒီမိုကရေစီကျမှု များနိုင်မည်နှင့် ပတ်သက်၍ မျှော်လင့်ချက် အနည်းငယ်သာ ထားနိုင်သည်။ ယခုကာလအတွင်း ယင်းအကြပ်အတည်းကို ထိုးဖေါက်နိုင်ရန် သံတမန်နည်းများစွာကို အသုံးပြုခဲ့သည်။ မတ်လအတွင်း ASEAN ၏ ကိုယ်စားလှယ်အဖြစ် မလေးရှားနိုင်ငံခြားရေးဝန်ကြီး နှင့် မေလအတွင်း ကုလသမဂ္ဂ နိုင်ငံရေးဆိုင်ရာ လက်ထောက် အထွေထွေအတွင်းရေးမှူးချုပ်တို့၏ ရန်ကုန်ခရီးစဉ်များလည်း ထိုကြိုးပမ်းမှုများတွင် ပါဝင်ခဲ့သည်။ သို့သော်လည်း မည်ကဲ့သို့သော ဖြေရှင်းမှုများ မလုပ်နိုင်ခဲ့သလို ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်အကျယ်ချုပ်ကို နောက်ထပ်သတ်တမ်း တစ်နှစ် ထပ်မံတိုးခဲ့သည်။

အမေရိကန်ပြည်ထောင်စု၏ မြန်မာနိုင်ငံနှင့် ပတ်သက်၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်တခုရနိုင်ရေး ကြိုးပမ်းမှုနှင့်အတူ နိုင်ငံတကာ၏ မြန်မာနိုင်ငံအပေါ် စိတ်ပျက်လက်ပျက်ဖြစ်မှုသည် ပိုမို၍ ကြီးထွားနေဆဲဖြစ်သည်။ ဒေသအတွင်း နအဖအပေါ် ဝေဖန်ချက်များသည် ပြင်းထန်သောစကားလုံးများအသုံးပြုထားသော ကြေငြာချက်များဖြင့် ပိုမို၍ ပြင်းထန်လာခဲ့သည်။ အထူးသဖြင့် မလေးရှားနှင် အင်ဒိုနီးရှားနိုင်ငံတို့မှ ဖြစ်သည်။

သို့သော် ယင်းကဲ့သို့သော စိတ်ဝင်စားမှုသည် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများအပေါ်တွင်သာ ပုံမှန်အားဖြင့် ရှိတက်သည်။ ယခုနှစ်၏ ကရင်တိုင်းရင်းသားများအပေါ် ထိုးစစ်သည် ဆယ်စုနှစ်အတွင်း အပြင်းထန်ဆုံးဖြစ်သော်လည်း တိုင်းရင်းသားအရေးသည် ဘေးဖယ်ထားခြင်း ခံနေရဆဲဖြစ်သည်။ နအဖက ယခုပဋိပက္ခကို အဆုံးသတ်ရန် ဆန္ဒရှိနေကြောင်းနှင့်၂ ကို အဆုံးမှာ လက်နက်ချဝင်လာရေးအတွက် နအဖက ဖိအားပေးရန် ရည်ရွယ်ချက်ရှိနေသည်ဟု အချို့လေ့လာသူများက ခန့်မှန်းပြောဆိုကြသည်။ အကယ်၍သာ ယင်းခန့်မှန်းချက်သည်သာ အတည်ဆိုပါက ဒုက္ခဆိုကျိုးတွေ ပိုမို၍ ဖြစ်လာလိမ့်မည်။ လူများ ထောင်၊ သောင်းချီ၍ အိုးအိမ်အခြေမဲ့ ဖြစ်လာလိမ့်မည်။ ထိုင်းနိုင်ငံသို့ ဒုက္ခသည်များ ပိုမို၍ ဝင်လာလိမ့်မည် ဖြစ်သည်။

## ၂။ ၂၀၀၆ ခုနှစ် ဇန်နဝါရီလမှ ဂျွန်လအထိ ဒုက္ခသည်များ အခြေအနေ

### (က) လူဦးရေ အလားအလာ

မိတ်ဆက်။ ။ မြန်မာနယ်စပ်အခြေအနေ သမိုင်းအကျဉ်းချုပ်ကို နောက်ဆက်တွဲ (ဆ) တွင် ဖေါ်ပြထားသည်။ ဂျွန်လအကုန်တွင် TBBC ထံသို့ စုစုပေါင်းအခြေမဲ့မှုသူများနှင့် ပတ်သက်၍ ဖြစ်ရပ်ပေါင်း ၁၆၂၉၀၆ ရောက်ရှိခဲ့သည်။ ဒီဇင်ဘာလအကုန်တွင် မှတ်တမ်းတင်ထားခဲ့သော ၁၅၅၂၁၂ နှင့် နှိုင်းယှဉ်ပါက ၇၆၉၄ တိုးမြင့်လာခဲ့သည်။ ယင်းတိုးမြင့်မှုသည် မွေးဖွားမှု၊ သေဆုံးမှု၊ စခန်းမှစွန့်ခွာမှု နှင့် အသစ်ရောက်ရှိမှုတို့၏ အသားတင်သက်ရောက်မှုများ ဖြစ်သည်။

မြန်မာနိုင်ငံအရှေ့ပိုင်း နယ်စပ်ဒေသများ၏ အခြေအနေသည် ယခုကာလအပိုင်းအတွင်း ဆိုးဝါးခဲ့သည်။ (၂ – ၅ အိုင်ဒီပီ အောက်တွင်ဖေါ်ထားမှုကို ကြည့်ပါ) ကရင်ပြည်နယ်တွင် နအဖ၏ စစ်ရေးအရထိုးစစ်ဆင်မှုများနှင့် အခြားသောဒေသများတွင်လည်း လူ့အခွင့်အရေးချိုးဖောက်မှုပုံစံမျိုးစုံကို ဆက်လက်ချိုးဖောက်နေသည်။ ထိုင်းနိုင်ငံသို့ ဒုက္ခသည်အသစ်များထပ်မံရောက်ရှိနေသည့် နှုန်းထားသည် ၁၉၉၇ ခုနှစ် မြန်မာစစ်တပ် နယ်စပ်ဒေသများကို သိမ်းပိုက်ခဲ့သည့်အချိန်မှ ပိုမို၍ များကောင်းများနိုင်သည်။ သို့သော်လည်း ကိန်းဂဏန်းအတိအကျကို ဖေါ်ပြရန်ခက်ခဲနေဆဲဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် စခန်းကော်မတီများသည် အသစ်ရောက်ရှိလာသူများကို အသိအမှတ်မပြုရန် ဖိအားပေးခံရပြီး၊ ခရိုင်အုပ်ချုပ်ရေးဘုတ်အဖွဲ့ (PAB) ကလည်း အချို့ ဖြစ်ရပ်များကို ဆက်လက်စဉ်းစားနေဆဲကြောင့်လည်း ဖြစ်သည်။ မျက်နှာချင်းဆိုင် စာမျက်နှာတွင်ဖေါ်ပြထားသော မြေပုံသည် လက်ရှိအချိန်တွင် အကောင်းဆုံးသော ခန့်မှန်းချက်ဖြစ်သည်။

ရိက္ခာထောက်ပံ့ပေးမှု ကိန်းဂဏန်းများ။ ။ ၂၀၀၄ခုနှစ်မှစ၍ TBBC သည် စခန်းကော်မတီနှင့်အတူ သတ်မှတ်ထားသော ရိက္ခာပေးလူဦးရေကိန်းဂဏန်းအရ ရိက္ခာကိုတာများကို အခြေခံခဲ့သည်။ လက်ရှိစခန်းအတွင်းရှိ ဒုက္ခသည်များ မပါဝင်ပေ။ ဂျွန်လအကုန်တွင် ထိုင်းနိုင်ငံအတွင်း စခန်း ၁၀ ခု အတွက် ရိက္ခာပေးလူဦးရေ ၁၄၉၀၁၇ ရှိပြီး၊ စုစုပေါင်း မှတ်ပုံတင်ထားသော စခန်းလူဦးရေသည် ၁၅၀၈၄၉ (၉၉ ရာခိုင်နှုန်း) ရှိသည်။ ယခုကလာအစတွင် ရိက္ခာပေးလူဦးရေသည် ၁၄၀၉၄၇ ရှိခဲ့ပြီး စုစုပေါင်းလူဦးရေမှာ ၁၄၂၉၁၇ (၉၆ ရာခိုင်နှုန်း) ရှိခဲ့သည်။ ၈၀၇၀ (၆ ရာခိုင်နှုန်း) တိုးတက်ခဲ့သည်။ လူဦးရေဆိုင်ရာအချက်အလက်များနှင့် ပတ်သက်၍ မသေချာမှုများသည် ဆက်လက်ဖြစ်ပေါ်နေဆဲ ဖြစ်သောကြောင့်ရိက္ခာပေးကိန်းဂဏန်းသတ်မှတ်ရာတွင် လွန်စွာမှ ခက်ခဲပြီး၊ TBBC အနေဖြင့် ရှေ့လာမည့် လများတွင် ဒုက္ခသည်ကော်မတီများနှင့် ထိုကိန်းဂဏန်းများကို ဆက်လက် ပြန်လည်သုံးသပ်သွားမည်ဖြစ်သည်။

ခိုလှုံခွင့် ခွင့်ပြုခြင်းများ။ ။ ၂၀၀၅ ခုနှစ် အောက်တိုဘာလတွင် MOI၊ UNHCR တို့သည် နယ်စပ်တလျှောက်လုံးရှိ စခန်းအတွင်းရှိ လူဦးရေများ ပြန်လည်မှတ်ပုံတင်ခြင်း လုပ်ငန်းကို အပြီးသတ်ခဲ့သည်။ ၁၉၉၉ ခုနှစ် မှတ်ပုံတင်ခြင်းမှ ၁၀၁၉၂ ဦးနှင့် အခြားလူဦးရေ ၃၅၈၆၇ ကို ပေါင်းလိုက်ပါက ၁၃၇ ၈၅၉ ဦးရေ ရှိကြောင်း အသိအမှတ်ပြုခဲ့သည်။ ၁၉၉၉ ခုနှစ် နှင့် ၂၀၀၃ခုနှစ် ဩဂုတ်အတွင်း ရောက်ရှိခဲ့သူ ဒုက္ခသည် ၁၈၅၂၉ ဦးရေ ရှိခဲ့ကြောင်း MOI တွင် မှတ်တမ်းရှိခဲ့သည်။ ယင်းမှတ်ပုံတင်ခြင်းနှင့် ၂၀၀၃ ခုနှစ်စ၍ မွေးဖွားခဲ့သော ခလေးငယ်များနှင့်အတူ PAB၏ ကနဦးပိုင်း လုပ်ငန်းစဉ်များကို ထည့်သွင်းစဉ်းစားရန် သဘောတူခဲ့သဖြင့် လူဦးရေ စုစုပေါင်း ၁၉၅၉၂ ရှိခဲ့သည်။ ယင်းကိန်းဂဏန်းများအပြင် တတ်ခ်ခရိုင်နှင့် မယ်ဟောင်ဆောင် ခရိုင်အတွင်းရှိ စခန်းများတွင် လက်ရှိရှိနေသူ ၁၆၂၇၅ ကို မှတ်ပုံပြန်လည်တင်ခြင်းတွင် မှတ်တမ်းတင်ခဲ့သည်။ တဆက်တည်းမှာပင် ရပ်ချ်ဘူရီခရိုင်အတွင်းရှိ အာဏာပိုင်များက ထမ်ဟင်းစခန်းတွင် လူပေါင်း ၁၀၃၇ ကို မှတ်ပုံတင်ခဲ့သည်။ တပ်ခ်ခရိုင်တွင် လူဦးရေ ၁၉၅၉၂ ဦးရေဟု သဘောတူခဲ့ပြီး၊ မယ်ဟောင်ဆောင်သည် အသစ်ဖွဲ့စည်းထားသော ့ပီ ထံသို့ အုပ်စုအလိုက်ပေါ်တွင် အခြေခံ၍ စဉ်းစားပေးရန် တင်သွင်းလိမ့်မည်ဖြစ်သည်။ အခြားကျန်ရှိသူများကို PAB မှ နောက်ပိုင်းတွင် သီးသန်းစဉ်းစားပေးလိမ့်မည် ဖြစ်သည်။

၂၀၀၆ ခုနှစ် ဂျွန်လအကုန်တွင် ့ဘ္တ များက ၁၉၉၉ ခုနှစ် မှတ်ပုံတင်ခြင်းနောက်ပိုင်းမှ ရောက်ရှိလာသူ ၂၅၃၀၀ ဦးရေနီးပါးကို အတည်ပြုခဲ့ပြီး ဖြစ်သည်။ ရပ်ချ်ဘူရီမှ ၁၀၃၇ ဦး၊ တပ်ခ် မှ ၂၄၁၀၀ ဦး၊ နှင့် မယ်ဟောင်ဆောင်မှ ၁၀၈ ဦးပါဝင်သည်။ ၂၀၀၃ မတိုင်ခင်အုပ်စုမှ ၄၀၆၄ ဦး နှင့် ၎င်းတို့အရင်ရောက်နှင့်နေသော ၅၂၆၆ ဦးအပါအဝင် မယ်ဟောင်ဆောင်ခရိုင်အတွင်း စဉ်းစားဆုံးဖြတ်ရန် ကျန်ရှိနေသေးသော လူဦးရေ ၉၃၀၀ မပါဝင်ပေ။

၂၀၀၅ ခုနှစ် အကုန်တွင် ့ဥ၍ က မှတ်ပုံမတင်ရသေးသော အခြားကိစ္စရပ်များနှင့် လက်ရှိအသစ်ရောက်ရှိလာသူများအရေးကို ကိုင်တွယ်ရန် စခန်းများအတွင်းတွင် ထိန်းသိမ်းရေးစခန်းများ ဆောက်လုပ်ပေးရန် မေတ္တာရပ်ခံခဲ့သည်။ ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၃၁

UNHCR မှ တဦးချင်း ခိုလှုံခွင့်လျှောက်သူများကို POC အဆင့် ပေးခြင်းမှ ရပ်တန့်လိုက်သည့်အချိန်နှင့် ၂၀၀၅ ခုနှစ်နောက်ပိုင်း PAB များပြန်လည် တည်ထောင်ခဲ့သည့် အချိန်အတွင်း UNHCR သို့ လာရောက်ချည်းကပ်ခဲ့သူများ ပါဝင်သည်။ နောက်ပိုင်းတွင် ထိုသူများကို " စက္ကူပိုင်းကိုင်ဆောင်သူများ " ဟု သတ်မှတ်ခဲ့သည်။ ၂၀၀၆ ခုနှစ် ပထမ ခြောက်လပိုင်းအတွင်း TBBC သည် လူ ၄၀၀၀ ဆန့်သော စခန်း ၆ ခုတွင် ထိန်းသိမ်းရေးစခန်းများဆောက်လုပ်ရေးအတွက် လိုအပ်သော ရုပ်ဝတ္ထုပစ္စည်းများ ထောက်ပံ့ပေးခဲ့သည်။ ထိုကာလအတွင်းတွင် " စက္ကူပိုင်းကိုင်ဆောင်သူ"တစ်ဦးတစ်ယောက်မှ လွှဲပြောင်းပေးခဲ့ခြင်း မရှိသော်လည်း၊ ထိုထိန်းသိမ်းရေးစခန်းများသည် အသစ်ရောက်ရှိလာသူများအတွက် ယာယီနားခိုရာအဖြစ် လွန်စွာ အသုံးဝင်ခဲ့သည်။ အထူးသဖြင့် စခန်း အမှတ် ၁ နှင့် မယ်ရာမူလောင် စခန်းတို့တွင် ဖြစ်သည်။

UNHCR က " စက္ကူပိုင်းကိုင်ဆောင်သူများ " ၁၀၀၀၀ ကို မှတ်တမ်းတင်ထားသော်လည်း၊ ထိုသူများ မည်သည့်နေရာတွင် ရှိသည်ကို မသိနိုင်ပေ။ သို့သော်လည်း ၂၅၀၀ ခန့်ကို မဲဆောက်ဒေသအတွင်း ပြန်လည် အတည်ပြုနိုင်ခဲ့ပြီး၊ ဩဂုတ်လတွင် အုန်းဖန် နှင့် နိုဖိုးစခန်းအတွင်းသို့ ရွှေ့နိုင်မည်ဟု မျှော်လင့်ရသည်။

**လုံခြုံရေးအရ စိုးရိမ်မကင်းဖြစ်ရသူများ (POC)**။ ။ ၂၀၀၃ ခုနှစ် UNHCR၏ အဆင့်အတန်းဆုံးဖြတ်သတ်မှတ်ခြင်း လုပ်ငန်းစဉ်အား အပြီးသတ်လိုက်နောက်ပိုင်းတွင် ၂၀၀၄ခုနှစ် မတ်လတွင် စခန်းများဆီသို့ ပြောင်းရွှေ့ခဲ့သော POC ၁၅၀၀ ထဲမှ အများစုသည် ယခုအချိန်ဆိုလျှင် တတိယနိုင်ငံများသို့ ထွက်ခွာကြပြီး ဖြစ်သည်။ ရာဂဏန်းအနည်းငယ်သာ ကျန်ရှိနေသေးသည်။ ထိုသူများအထဲမှ အများစုသည် နိုင်ငံတခု သို့မဟုတ် ထိုထက်မကသော နိုင်ငံများမှ ငြင်းပယ်ခြင်း ခံထားရသူများဖြစ်သည်။ ထိုသို့သော အကြောင်းများကြောင့် ပြန်လည်အခြေချရေးအတွက် အခွင့်အလမ်းမှာ လွန်စွာပင် နည်းပါးလာကြသည်။

**တတိယနိုင်ငံများသို့ ပြန်လည်အခြေချမှု**။ ။ ၂၀၀၅ ခုနှစ်အတွင်းတွင် တော်ဝင်ထိုင်းအစိုးရက နယ်စပ်တလျှောက်စခန်းများရှိ မှတ်ပုံတင်ထားသော ဒုက္ခသည်များကို ပြန်လည်အခြေချနိုင်ရန် ကမ်းလှမ်းချက်များကို တတိယနိုင်ငံများသို့ ခွင့်ပြုခဲ့သည်။ ထမ်ဟင်းစခန်းကလူအားလုံးအပါအဝင် အမေရိကန်ပြည်ထောင်စုက ၂၀၀၆ ခုနှစ်အတွင်း ဒုက္ခသည် ၉၀၀၀ ကို ခေါ်ယူမည်ဟု တရားဝင် ကြေငြာခဲ့သည်။ အခြားသော ရှစ်နိုင်ငံကလည်း ၂၀၀၆ ခုနှစ်အတွင်း ဒုက္ခသည် သုံးထောင် မှ လေးထောင်အထိ ခေါ်ယူလိုကြောင်း ၄င်းတို့၏ ဆန္ဒသဘောထားကို ထုတ်ဖေါ်ပြောဆိုခဲ့ကြသည်။ ထိုအထဲတွင် ဩစတေးလျ၊ ကနေဒါ၊ ဖင်လန်၊ နယ်သာလန်၊ နယူးဇီလန်၊ နော်ဝေ၊ ဆွီဒင် နှင့် အင်္ဂလန်တို့ပါဝင် ခဲ့သည်။ ၂၀၀၅ ခုနှစ် နှစ်ဝက်ခန့်အတွင်း ပြန်လည်အခြေချရေးမစ်ရှင်အဖွဲ့များကို နယ်စပ်များဆီသို့ စတင်စေလွှတ်ခဲ့သည်။

ယခုလတ်တင်းတွင် ပြန်လည်အခြေချနိုင်ခွင့်သည် ၂၀၀၄ – ၂၀၀၅ ခုနှစ်အတွင်း ပြန်လည်မှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်အတွင်း တရားဝင်မှတ်ပုံတင်ခဲ့သော ဒုက္ခသည်အားလုံးအတွက် အကျုံးဝင်သည်။ ပုံမှန်လုပ်ထုံးလုပ်နည်းတွင် ဒုက္ခသည်များသည့်ဆန္ဒ သို့ ၄င်းတို့၏ စိတ်ဝင်စားမှုကို လာရောက်ဖေါ်ပြနိုင်ပြီး၊ ထို့နောက် UNHCR က သက်ဆိုင်ရာ စိတ်ဝင်စားသည့် နိုင်ငံခြားသံရုံးများဆီသို့ ထိုကေ့စ်များကို လွှဲပြောင်းပေးသည်။ ဩစတေးလျ၊ ကနေဒါနှင့် အမေရိကန်ပြည်ထောင်စုတို့သည် ၄င်းတို့ထံတိုက်ရိုက်တင်ပြသော လျှောက်လွှာများကိုသာ ထည့်သွင်းစဉ်းစားသော အခြားသီးသန့် လုပ်ငန်းများလည်း ရှိသည်။ ၂၀၀၅ ခုနှစ် အဆုံးတွင် လူပေါင်း ၂၄၀၅၄ ဦးပါဝင်သော မိသားစု ၄၆၅၁ ထံမှ လျှောက်လွှာများ လက်ခံရရှိခဲ့ပြီး၊ ယင်းကိန်းဂဏန်းမှာ မှတ်ပုံတင်ထားသောလူဦးရေ ၁၀၁၉၉၂ ၏ ၂၄ ရာခိုင်နှုန်းခန့် ဖြစ်သည်။ လူဦးရေ ၄၂၅၃ ဦး၏ ကေ့စ် ၅၆၀ သည် ၂၀၀၆ ခုနှစ် ပထမ ခြောက်လပတ်အတွင်း ပြန်လည်အခြေချနိုင်ရန်အတွက် လက်ခံခဲ့ပြီးဖြစ်သလို၊ လူဦးရေ ၁၀၅၂ ဦး၏ ၂၇၅ ကေ့စ်သည် တတိယနိုင်ငံများသို့ ထွက်ထားသွားပြီး ဖြစ်သည်။

၂၀၀၆ ခုနှစ် ပထမခြောက်လပိုင်းအတွင်း ထွက်ခွာသွားသော ဒုက္ခသည် အရည်အတွက်သည် မျှော်လင့်ထားသည်ထက် လွန်စွာ နိမ့်ကျခဲ့သည်။ အဓိကအကြောင်းရင်းမှာ အမေရိကန်ပြည်ထောင်စု၏ ဥပဒေကြောင့်ဖြစ်သည်။ ယင်းဥပဒေက လက်နက်ကိုင်အုပ်စုတခုကို ရုပ်ပိုင်းဆိုင်ရာအထောက်အပံ့ပေးခဲ့ဖူးသူ မည်သူတဦးကိုမျှ တိုင်းပြည်သို့ ဝင်ခွင့်မပေးပေ။ ယင်းအချက်က ကရင်အမျိုးသားအစည်းအရုံး (KNU) ကို ထောက်ပံ့ခဲ့သော မည်သူမဆိုအား သတ်ရောက်စေပြီး၊ ထမ်ဟင်းစခန်းမှ ပြန်လည်အခြေချနိုင်ရေး လျှောက်ထားမှုအားလုံးကို ရပ်ဆိုင်းထားလိုက်သည်။ နောက်ဆုံးတွင် ယင်းကန့်သတ်မှုကို ရုပ်သိမ်းခဲ့သည်။ အထူးသဖြင့် ထမ်ဟင်းစခန်းအတွက်ဖြစ်ပြီး၊ လုပ်ငန်းစဉ်များ ပြန်လည် စတင်ခဲ့သည်။ ပထမဆုံး အသုတ်တွင် ဒုက္ခသည် ၃၇၇၀ ဦးရေ အမေရိကန်ပြည်ထောင်စုသို့ ပြန်လည်အခြေချရန်အတွက် လျှောက်လွှာတင်ခဲ့သည်။ ထိုအထဲမှ ၂၆၇၁ ဦး လက်ခံခဲ့သည်။ စတင်ထွက်ခွာမှုများကို ဩဂုတ်လနှင့် စက်တင်ဘာလများအတွင်းတွင် စတင်ဖွယ်ရာ ရှိပြီး၊ ထိုအထဲမှ အများစုသည် ယခုနှစ် မကုန်ခင်ထွက်ခွာနိုင်မည်ဟု

မျှော်လင့်ထားသည်။ ထိုသို့သော အခြေအနေအောက်တွင်ပင်လျှင် ၂၀၀၆ ခုနှစ်အတွင်း အခြေချရေးအတွက် ထွက်ခွါမှုမှာ လူပေါင်း ၅၀၀၀ ထက်မပိုနိုင်ပေ။

၂၀၀၇ ခုနှစ်အတွက် အလားအလာများမှာ မသေချာပေ။ ထမ်ဟင်းမှလူများ စတင်ထွက်ခွာသည်နှင့်တပြိုင်နက် စခန်းတွင်းမှ အခြားသူများသည်လည်း အမေရိကန်သို့ ပြန်လည်အခြေချခွင့် လျှောက်ကြလိမ့်မည်ဟု ထင်မှတ်နေကြသည်။ ရုပ်ဝတ္ထုထောက်ပံ့မှုနှင့် ပတ်သက်၍ သက်ညှာမှုကို အခြားစခန်းများဆီသို့လည်း ဆက်လက် ဖြန့်ကျက်လိမ့်မည်ဟုလည်း မျှော်လင့်ရသည်။ အခြားတိုင်းပြည်များက ဒုက္ခသည်များပိုမိုလက်ခံရေးအတွက် ဆက်လက် မျှော်လင့်ရပြီး၊ ကနေဒါနှင့် ဩစတေးလျှနှစ်နိုင်ငံက မကြာသေးမီကပင် လက်ခံမည့်ဒုက္ခသည်ဦးရေ တိုးမြင့်ကြောင်း ကြေငြာခဲ့သည်။ သို့သော်လည်း ထိုအဆင့်တွင် ပြန်လည်အခြေချမှုသည် ရှေ့နှစ် သို့မဟုတ် လာမည့်နှစ်များအတွင်း စခန်းအတွင်းရှိ လူဦးရေ အရည်အတွက်ကို သိသိသာသာ ခြားနားသွားလိမ့်မည်ဟု အကောင်းဘက်က မျှော်လင့်နိုင်သည်။

ပြန်လည်အခြေချနိုင်ခွင့် အခွင့်အလမ်းများသည် စခန်းများအတွင်း စိတ်လှုပ်ရှားမှု တော်တော်ဖြစ်ခဲ့ကြသော်လည်း၊ မရေရာမှုနှင့် ရှုပ်ထွေးဖွယ်ရာ အတိုင်းအတာ တော်တော်များများ ဆက်လက်ရှိနေသေးသည်။ NGO များက ယင်းကဲ့သို့သော ပြန်လည်အခြေချမှုသည် အထောက်အပံ့ပေးရေး အစီအမံများ၏ ရေရှည်အလားအလာများကို ချိမ်းခြောက်နိုင်သည်ဟု စိုးရိမ်နေကြပြီး၊ စခန်းအုပ်ချုပ်မှုသည်လည်း အကောင်အထည်မပေါ်ရသေးပေ။ သို့သော် ဒုက္ခသည်ဆိုင်ရာလုပ်သားများနှင့် ခေါင်းဆောင်တော်တော်များများ ထွက်ခွာနေကြပြီ ဖြစ်သည်။ ၂၀၀၆ ခုနှစ် ဒုတိယကာလအတွင်းတွင် CCSDPT/ UNHCR က ဇန်နဝါရီလတွင် ပြုလုပ်ခဲ့ပြီး၊ လွန်ခဲ့သော အချိန်က အစီရင်ခံစာတင်ခဲ့သော အလုပ်ရုံဆွေးနွေးပွဲနှင့် ပတ်သက်၍ နောက်ဆက်တွဲ အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ရန် စီစဉ်ထားသည်။ ဥပမာ ပထမအလုပ်ရုံဆွေးနွေးပွဲမှစ၍ NGO များက ထွက်ခွာသွားသော ဝန်ထမ်းများအားအစားထိုးနိုင်ရန် အရည်အသွေးမြင့်သင်တန်းများ တိုးမြင့်လုပ်ကိုင်ခဲ့သည်။ ထို့အပြင် ဒုက္ခသည်များထံသို့ ပြန်လည်အခြေချမှုနှင့် ပတ်သက်သော ပိုမိုတိကျသော သတင်းများကို ရောက်ရှိနိုင်ရန် သတင်းဖြန့်ဝေသည့်လုပ်ငန်းကို ပိုမို အားစိုက်ထုပ်ခဲ့သည်။

(က) အခြေမဲ့သူ မွန် နှင့် ရှမ်းတိုင်းရင်းသားများ

ရှမ်းဒုက္ခသည်များ။ ။ ၂၀၀၆ ခုနှစ် ပထမနှစ်ဝက်အတွင်းတွင် ထိုင်းနိုင်ငံ ဖန်ခရိုင်အတွင်းသို့ ရောက်ရှိလာသူ ရှမ်းဒုက္ခသည် အရေအတွက်သည် မကြာသေးခင်နှစ်များအတွင်း ယုံကြရသော အစီရင်ခံစာများအရ တလလျှင် ရှမ်းဒုက္ခသည် ၁၀၀၀ ခန့်အထိ လျော့ကျလာသည်။ ယင်းခရိုင်အတွင်းရှိ နယ်စပ်အခြေပြု ရှမ်းအဖွဲ့များ ကောက်ယူထားသော အချက်အလက်များသည် ယခင်ကကဲ့သို့ အပြည့်အစုံ မဟုတ်ခဲ့ပေ။ သို့သော် တလလျှင် ၃၀၀ ခန့်လျော့ကျလာသည်ဟု နှုန်းများက ဖေါ်ပြနေသည်။

ဝင်ရောက်နှုန်းလျော့ကျရခြင်း၏ အကြောင်းရင်းတရပ်မှာ ရှမ်းပြည်နယ်အတွင်း ခရီးသွားလာခွင့် အကန့်အသတ်များ တိုးမြင့်လာမှုကြောင့်လည်း ဖြစ်နိုင်သည်ဟု တွေးမှတ်နိုင်သည်။ အထူးသဖြင့် အသက်နှစ်ဆယ့်ငါးနှစ်အောက် အမျိုးသမီးများ အပေါ်တွင် ပိုမို၍ တင်းကျပ်ခဲ့သည်။ စစ်ဆေးရေးဂိတ်များတွင် အခွန်အကောက်များလည်း တိုးမြင့်ကောက်ခံခြင်းသည်လည်း ထိုင်းနိုင်ငံအတွင်း ခရီးသွားလာမှုကို ပိုမို၍ စားရိတ်စက ပိုကြီးစေသည်။ နယ်စပ်ထိုင်းစစ်ဆေးရေးဂိတ်များတွင်လည်း ယခင်ကာလများတွင် လူ ၄၀ မှ ၅၀ အထိ တကြိမ်တွင် ခွင့်ပြုသော်လည်း ယခုအချိန်တွင် ၅ ဦး မှ ၁၀ ဦးအထိသာ ခွင့်ပြုခြင်းသည်လည်း အခက်အခဲပိုမို၍ ဖြစ်စေသည်။

အခြားသော ရှမ်းဒုက္ခသည်များသည် အခြားဒေသများရှိ နယ်စပ်များကို ဖြတ်ကျော်ကောင်း ဖြတ်ကျော်ကြပြီး ဖြစ်လိမ့်ဖြစ်သည်။ ၁၉၉၆ ခုနှစ် မှ စတင်ခဲ့သော အတင်းအဓမ္မကျေးရွာပြောင်းရွှေ့မှုများ စတင်သည်မှစ၍ ထိုင်းနိုင်ငံအတွင်းသို့ ရှမ်းဒုက္ခသည် ၂၀၀၀၀၀ ကျော် ဝင်ရောက်ခဲ့သည်ဟု ယုံကြည်ရသည်။ ၎င်းတို့အထဲမှ အများစုမှာ ထိုင်းနိုင်ငံမြောက်ပိုင်းတနယ်လုံးတွင်ရှိသော စိုက်ပျိုးရေးခြံများ၊ သစ်ခွခြံများ နှင့် ဆောက်လုပ်ရေးလုပ်ငန်းများတွင် အသက်မွေးကြောင်း ပြုနေကြသည်။ ထိုအထဲမှ အများစုမှာ ၁၉၉၉၆ ခုနှစ်မှစ၍ အတင်းအကြပ်ပြောင်းရွှေ့ခြင်း ခံထားရသူများ ဖြစ်နိုင်ပြီး၊ ထိုင်းနယ်စပ်သို့ ထွက်ပြေးလာသူများ ဖြစ်နိုင်သည်။ သို့သော် ယင်းအချက်မှန်ကန်သည်ဆိုသော အချက်အလက် မရှိသေးပေ။ ထိုင်းနယ်စပ်မြောက်ပိုင်းတလျှောက်တွင် တရားဝင်ဖွင့်လှစ်ထားသော ရှမ်းဒုက္ခသည်စခန်းတွင် ရှမ်းဒုက္ခသည် ၅၀၀၀ ကျော် လက်ရှိ နေ နေကြသည်။ ထိုစခန်းများသည် ရှမ်းပြည်တပ်မတော် (SSA) စခန်းများနှင့် နီးစပ်သော နေရာများတွင် တည်ရှိကြသည်။

၂၀၀၆ ခုနှစ်တွင် ရောက်ရှိလာသော ဒုက္ခသည်များသည် ရှမ်းပြည်အလယ်ပိုင်းမှ ထွက်ပြေးလာသူ အများစုဖြစ်ပြီး၊ ကျေးရွာများ ပြောင်းရွှေ့ခံရမှု၊ အတင်းအဓမ လုပ်အားပေးမှု၊ စီးပွားရေးအရ ကျပ်တည်းမှု နှင့် နအဖ၏ အခြားသော လူ့အခွင့်အရေးအရ ချိုးဖောက်မှုများကြောင့် ဖြစ်သည်။ ယင်းကာလအတွင်း အဓိက မကျေမနပ်ဖြစ်မှု တခုမှာ ကြက်ဆူ စိုက်ခင်း (Castor Oil, s – IDPs ၂.၅ ကို ကြည့်ပါ) စိုက်ခင်းအတွက် နအဖက အတင်းအကြပ် လုပ်အားပေးခိုင်းစေခြင်းပင် ဖြစ်သည်။

ပုံမှန်အားဖြင့် ရှမ်းဒုက္ခသည်များသည် ထိုင်းအာဏာပိုင်များက အသိအမှတ်မပြုပေ။ သို့သော် TBBC သည် ချင်းမိုင်ခရိုင်ဝီဖန်ဒေသအတွင်းရှိ စခန်းငယ်တခုမှ ဒုက္ခသည် ၆၀၀ ခန့်ကို အစားအသောက် အိုးအိမ်ထောက်ပံ့ပေးနေဆဲ ဖြစ်သည်။ ၄င်းတို့အထဲမှ ထွက်ပြေးလာသူအများစုမှာ ၂၀၀၂ ခုနှစ် မေလအတွင်း တိုက်ခိုက်မှုများမှ ထွက်ပြေးလာသူများ ဖြစ်သည်။

မွန်ပြန်လည်အခြေချ စခန်းများ။ ။ မွန်ပြည်သစ်ပါတီ (NMSP)က နအဖနှင့် အမြဲတမ်းအပစ်အခတ်ရပ်ဆဲရေးဖုံ ၁၂ ခုကို အသိအမှတ်ပြုရေး သဘောတူညီချက် ရရှိပြီးသည့်နောက် ၁၉၉၆ ခုနှစ်မှစ၍ မွန်ဒုက္ခသည်များသည် ပြန်လည်အခြေချစခန်း ၃ နေရာသို့ ပြောင်းရွှေ့ခဲ့သည်။ ဆယ်နှစ်မျှကြာသောအခါတွင် ရန်ကုန်အခြေစိုက် ကုလသမဂ္ဂအေဂျင်စီများနှင့် နိုင်ငံတကာက ယင်းဒေသများ အတွင်း လူသားချင်းစာနာသော အထောက်အကူများအတွက် ဥပေက္ခာပြုနေဆဲဖြစ်သည်။ ထို့ကြောင့် ဤသူယသည် မွန်ထောက်ပံ့ရေးနှင့် ဖွံ့ဖြိုးရေးကော်မတီ (MRDC) နှင့် ပူပေါင်း၍ ဆန်အထောက်အပံ့နှင့် ယင်းအခြေချစခန်းများအတွက် ဖွံ့ဖြိုးရေးအထောက်အပံ့များကို ဆက်လက် ထောက်ပံ့နေဆဲ ဖြစ်သည်။

ထားဝယ်အခြေချစခန်းအတွင်းရှိ ကျေးရွာများနှင့် ဟလော့ခနီ စခန်းများသည် ၂၀၀၆ ခုနှစ်အတွက် ခြောက်လစာနှင့် ညီမျှသော ရိက္ခာများကို အပြည့်အဝ စုဆောင်းထားပြီး ဖြစ်သည်။ သို့သော်လည်း ဘီရီအခြေချစခန်းဆီသို့ အထောက်အပံ့များပို့ဆောင်ရန် လမ်းပန်းဆက်သွယ်ရေးမှာ အစိုးရ၏ ကန့်သတ်ပိတ်ပင်ချက်များကြောင့် စိတ်အနှောက်အယှက်ဖြစ်ခဲ့ရသည်။ ယင်းအချက်မှာ မွန်ပြည်သစ်ပါတီ၏ အမျိုးသားညီလာခံသို့ ပါဝင်မှုကို လေ့လာသူများအဆင့်သို့ လျော့ချခဲ့ခြင်းအပေါ် အစိုးရ၏ လက်စားချေခြင်း ဖြစ်သည်ဟု ခန့်မှန်းနေကြသည်။ တချိန်တည်းမှာပင် မေလအတွင်း မိုးဦးကာလတွင် ရိက္ခာများအကုန် မသွင်းခင်တွင် လမ်းများက သွား၍ မရအောင် ဖြစ်ခဲ့သည်။ ကျန်ရှိနေသော အထောက်အပံ့များသည် အခြားလမ်းပန်းဆက်သွယ်ရေးတခု အစားမထိုးနိုင်ခြင်း ယာယီရိက္ခာရုံတွင် သိမ်းထားရသည်။

လွန်ခဲ့သော ဆယ်နှစ်အတွင်း ထိုင်းနိုင်ငံမှ မွန်အခြေချစခန်းများကို ထောက်ပံ့ပေးနေဆဲဖြစ်သော MSF (Medicins Sans Frontieres) သည် ၂၀၀၅ ခုနှစ် အဆုံးတွင် ၄င်း၏ အစီအစဉ်များကို ရပ်ဆိုင်းခဲ့သည်။ မွန်ပြည်သူများအကြားတွင် ကျွမ်းကျင်သော ရပ်ရွာကျန်းမာရေးလုပ်သားများ ရှိနေပြီး အခြေခံကျန်းမာရေးမြင့်တင်မှု လုပ်ငန်းများကို ဆက်လက်လုပ်ဆောင်နိုင်သေးသည်။ သို့သော် ယာယီဆေးဝါးအထောက်အပံ့များသည် ယခုအခါဆိုလျှင် ကုန်းသလောက်ရှိသွားပြီး၊ ကုသနိုင်သော ကုထုံးများ ဆောင်ရွက်နိုင်ရန်အတွက် တာဝန်ယူနိုင်သော အခြားအစားထိုး အေဂျင်စီတခု မပေါ်ထွက်လာသေးပေ။ လူထုအခြေပြု သတင်းအေဂျင်စီများက ငှက်ဖျားဖြစ်နှုန်းများအပေါ် သတင်းပေးပို့မှုများ ရှိနေပြီး၊ စိုစွတ်သော ရာသီဥတုတွင် ဆက်လက်ဆိုးဝါး လာနိုင်ဖွယ်ရှိသည်။

**(က)ပြဿနာဖြစ်နိုင်ဖွယ်ရှိသော စခန်းအခြေအနေများ**

ထမ်ဟင်း။ ။ ထမ်ဟင်းစခန်းမှ လူဦးရေထူထပ်ခြင်းကို အဆိုးဝါးဆုံးခံစားရသော ရပ်ကွပ်များမှ အိမ်ပေါင်း ၇၁ လုံးကို ဖုံ နံပါတ် ၄ သို့ ပြောင်းရွှေ့ပေးလိုက်ခြင်းဖြင့် အနည်းဆုံး ဖြေရှင်းပေးနိုင်ခဲ့သည်။ စခန်းအတွင်း နေထိုင်မှုအခြေအနေသည် နိုင်ငံတကာစံသတ်မှတ်ချက်နှင့်စာလျှင် နိမ့်ကျနေဆဲဖြစ်ပြီး၊ ယင်းအခြေအနေသည် ဒုက္ခသည်များ ပြန်လည်အခြေချရေးအတွက် ထွက်ခွာအပြီး ဩဂုတ်လနောက်ပိုင်းတွင် တိုးတက်လာသင့်သည်။

MOI က ထမ်ဟင်းစခန်းနှင့် ဘန်ဒွန်ယန်စခန်းနှစ်ခုစလုံးကို ဘာလပ်ဟန္တတ်နေရာသို့ပြောင်းရန် အစီအစဉ်ရှိကြောင်း ပြောဆိုခဲ့ပြီး ဖြစ်သည်။ လက်ရှိရှိနေသော ဘန်ဒွန်ယန်းစခန်းနှင့် မဝေးသော နေရာဖြစ်သည်။ သို့သော်လည်း ရှင်းလင်းသော လုပ်ငန်းအစီအစဉ် သို့မဟုတ် အချိန်သတ်မှတ်ချက် မရှိသေးပေ။

မယ်လအွန်း။ ။ မယ်လအွန်းစခန်းအတွင်း ဖြစ်နိုင်ချေရှိသော မြေပြိုကျမှုအပေါ် စိုးရိမ်မကင်းဖြစ်မှုများကို ယခုနှစ် အတွင်း လျော့ကျလာခဲ့သည်။ UNHCR မှ ထောက်ပံ့ပေးသော အာရှနည်းပညာကျောင်း (AIT) ၏ စစ်တမ်းကောက်ယူမှုကို ကျေးဇူးတင်ရှိရမည် ဖြစ်သည်။ ထို့အပြင် လမ်းများပြန်လည် ပြင်ဆင်ခြင်း၊ UNHCR၏ ဘဏ္ဍာငွေထောက်ပံ့မှုဖြင့် COERR

အဖွဲ့မှ ဆောင်ရွက်ခဲ့သော ရေပိုသွယ်ခြင်းနှင့် ရေသန့်စင်ခြင်း လုပ်ငန်းများကိုလည်း ကျေးဇူးတင်ရှိရမည် ဖြစ်သည်။ TBBC သည် အန္တရာယ်ကျရောက်နိုင်ဖွယ်အရှိဆုံး အိမ်ထောင်စု ၉၆ စုကို အနီးအနားရှိ ခွေးဘောလူ သို့ ပြောင်းရွှေ့ပေးနိုင်ခဲ့သည်။

လွန်ခဲ့သော နှစ်နှစ်မှဆောင်ရွက်ခဲ့သော ယင်းဆောင်ရွက်ချက်ကြောင့် အခြေအနေသည် လွန်စွာတိုးတက်ခဲ့သည်။ သို့သော် မယ်လအွန်း၏ မြေမျက်ပြင်အနေအထားသည် ဆိုးဝါးသော ရာသီဥတု အခြေအနေအောက်တွင် ပုံမှန်အားဖြင့် ပျက်ဆီးလွယ်သည်။ ဆက်လက် စောင့်ကြည့်ခြင်းနှင့် တိုးတက်ကောင်းမွန်မှုများ လိုအပ်လိမ့်မည်ဖြစ်သည်။ လက်ရှိနေရာတွင် စခန်းရှိနေသမျှ ကာလပတ်လုံး အရေးပေါ် အခြေအနသည် အမြဲလိုပင် ရှိနေမည် ဖြစ်သည်။

## (က) ခြေလှမ်းသစ်များ

CCSDPT/ UNHCR လုပ်ငန်းစီမံချက် (အကြမ်း)။ ။ ပြီးခဲ့သော ခြောက်လပတ်အစီရင်ခံစာတွင် ဖေါ်ပြထားသကဲ့သို့ပင် ၂၀၀၅ ခုနှစ် ဧပြီလတွင် UNHCR နှင့် CCSDPT တို့က ထိုင်းအာဏာပိုင်များထံ ပူးပေါင်းစာတစောင် ရေးသားပေးပို့ခဲ့သည်။ နှောင့်နှေးနေသောဒုက္ခသည် အခြေအနေများကို ပိုမိုပြည့်စုံစွာ ချည်းကပ်နိုင်မှု၏ ကောင်းကျိုးဖြစ်ထွန်းမှုများကို ဖေါ်ပြခဲ့သည်။ အလုပ်အကိုင်ဆိုင်ရာသင်တန်းများနှင့် အဆင့်မြင့် ပညာရေးအခွင့်အလမ်းများကို ခွင့်ပြုပေးရန်သာမကပဲ၊ ဝင်ငွေရရှိစေသော လုပ်ငန်းစီမံချက်များနှင့် အလုပ်ခန့်အပ်ရေးများအထိပါ စဉ်းစားပေးရန် တောင်းဆိုခဲ့သည်။ ဒုက္ခသည်များအား အလုပ်အကိုင် တပ်ဆင်ပေးခြင်းသည် ထိုင်းစီးပွားရေးအတွက် ကောင်းကျိုးဖြစ်ထွန်းမှုရှိစေသည်သာမက ဒုက္ခသည်များအကြား ဂုဏ်သိက္ခာရှိမှုနှင့် ကိုယ့်ကိုကိုယ် ယုံကြည်စိတ်ချမှုများပါ တိုးတက်လာစေ နိုင်သည်ဟုလည်း တိုက်တွန်းခဲ့သည်။

ဒီဇင်ဘာလတွင် CCSDPT/ UNHCR က “၂၀၀၆ ခုနှစ်အတွင်း ထိုင်းမြန်မာ နယ်စပ်ရှိ အခြေမဲ့လှည့်လည်နေထိုင်သူများ၏ လိုအပ်ချက်များအပေါ် ဖြေရှင်းပေးရေး လုပ်ငန်းစီမံချက်မူကြမ်း” ကို ပြင်ဆင်ခဲ့သည်။ ဧပြီလတွင် မူဝါဒဆိုင်ရာအပြောင်းအလဲများအတွက် သတ်မှတ်ခဲ့သော နေရာများအပါအဝင် အကာအကွယ်ပေးခြင်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများအကြား ကွာဟချက်များကို ဦးစားပေး ဖြေရှင်းထားခဲ့သည်။ ယင်းစီမံချက်မူကြမ်းကို ဒီဇင်ဘာလ ချင်းမိုင်တွင်ပြုလုပ်သော ထိုင်းအစိုးရနှင့် အန်ဂျီအိုများ၏ အလုပ်ရုံဆွေးနွေးပွဲတွင် တင်ပြခဲ့သည်။ ယင်းအစည်းအဝေးတွင် ဒုက္ခသည်ဆိုင်ရာမူဝါဒ လုပ်ငန်းများတွင် ပါဝင်သော အခြားသော အဓိကပါဝင်သည့် အစိုးရဝန်ကြီးဌာနများပါဝင်ပြီး၊ အခြားသော နိုင်ငံတကာ အဖွဲ့အစည်းများနှင့် TBBC၏ အချို့သော အလှူရှင် သံရုံးများလည်း တက်ရောက်ခဲ့သည်။ အမျိုးသားလုံခြုံရေးကောင်စီ၏ ကိုယ်စားလှယ်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးနှင့် ပြည်သူ့အုပ်ချုပ်ရေးဌာနမှ ကိုယ်စားလှယ်များကလည်း ဒုက္ခသည်ဆိုင်ရာမူဝါဒ ဖွံ့ဖြိုးမှုနှင် ပတ်သက်သော တင်ပြချက်များကို ဆွေးနွေးတင်ပြခဲ့ပြီး၊ တက်ရောက်လာသူအားလုံးက ဒုက္ခသည်များ ထိုင်းနိုင်ငံတွင် ခိုလှုံနေစဉ်ကာလပတ်လုံး အခွင့်အလမ်းများ ပိုမို၍ ဖွင့်ပေးရန်လိုအပ်သည်ဟု အသိအမှတ်ပြုခဲ့ကြသည်။ အမျိုးသားလုံခြုံရေးအား ဦးစားပေးရန်နှင့် ဒုက္ခသည်များ၏လှုပ်ရှားမှုများကို ထိန်းချုပ်ရန်အတွက် လိုအပ်သည်ကို ထည့်သွင်းစဉ်းစားခဲ့ကြသော်လည်း၊ ဒုက္ခသည်များကို အတက်ပညာပိုင်းဆိုင်ရာသင်တန်းများနှင့် ပညာရေးအား သင်ယူနိုင်ခွင့် ပိုမိုခွင့်ပြုခြင်းအပြင် ဝင်ငွေရရှိသောလုပ်ငန်းများနှင့် အလုပ်လုပ်နိုင်သော အခွင့်အလမ်းများ ပိုမိုခွင့်ပြုခြင်းကြောင့် ရရှိလာမည့် အကျိုးအမြတ်ကို ယေဘုယျအားဖြင့် အသိအမှတ်ပြု လက်ခံခဲ့ကြသည်။

ယင်းလုပ်ငန်းစဉ်မှ ထိုးထွက်လာစေရန် ပထမဦးဆုံးအရေးကြီးသည့် မူဝါဒဆိုင်ရာအပြောင်းအလဲတခုမှာ ၂၀၀၆ ခုနှစ်အတွင်း ဝင်ငွေရရှိရေးဖြစ်နိုင်ချေရှိသော အတက်ပညာသင်တန်းများကို NGO များအားတိုးချဲ့ခွင့်ပြုသော MOI ၏တရားဝင် ခွင့်ပြုချက် ဖြစ်ခဲ့သည်။ ယင်းလုပ်ငန်းစဉ်၏ တွန်းအားနှင့်အတူ CCSDPT/UNHCR တို့သည် ၂၀၀၆၊ ၂၀၀၇ ခုနှစ်အတွက် ပိုမို၍ပြည့်စုံသောလုပ်ငန်းစီမံချက်တခုကို ရေးဆွဲခဲ့သည်။ သံရုံး၂၀ ကျော်မှ ကိုယ်စားလှယ်များနှင့် အလှူရှင်များ တက်ရောက်ခဲ့သော မေလ ၂၄ ရက်နေ့တွင် ပြုလုပ်ခဲ့သော အလှူရှင်အစည်းအဝေးတွင် ယင်းစီမံချက်ကို တင်ပြခဲ့သည်။ MOI နှင့် NSC နှစ်ခုစလုံးက အတက်ပညာသင်တန်းများ၊ ပညာရေးအခွင့်အလမ်းများ၊ ဝင်ငွေဖန်တည်းပေးသောလုပ်ငန်းများနှင့် အလုပ်လုပ်ကိုင်နိုင်သော အခွင့်အလမ်းများကို ပိုမို၍ တိုးတက်အောင် ပြုလုပ်ပေးမည်ဟူသော အာမခံချက်များနှင့် ထပ်မံ၍ တင်ပြခဲ့သည်။

ယင်လုပ်ငန်းစီမံချက်တွင် လုပ်ငန်းအသစ်အတွက် လိုအပ်သော ဘဏ္ဍာငွေခန့်မှန်းချက်များ နှင့် ရှေ့လာမည့် ခြောက်လပတ်တွင် ဦးစားပေးလုပ်ငန်းများနှင့် ပိုမိုကောင်းမွန်စေမည့် နည်းလမ်းများ ပါဝင်သည်။ ယခုနှစ်အဆုံးတွင် ၂၀၀၇၊ ၂၀၀၈ အတွက်

ပိုမိုအသေးစိတ်သော လုပ်ငန်းစီမံချက်တခု ထုတ်လုပ်ပေးရန် ရည်ရွယ်ချက်ရှိပြီး၊ ယင်းလုပ်ငန်းစဉ်တွင် အလှူရှင်များ ထည့်သွင်းစဉ်းစားနိုင်မည့် လုပ်ငန်းအသေးစိတ် အချက်များ ပါဝင်သည်။ ယင်းလုပ်ငန်းစဉ်တွင် တော်ဝင်ထိုင်းအစိုးရနှင့် အလှူရှင်များပါ ပါဝင်ခြင်းအားဖြင့် ဒုက္ခသည်များဆိုင်ရာ အထောက်အပံ့ပေးခြင်းနှင့် အကာအကွယ်ပေးရ လုပ်ငန်းစဉ်အသစ်သည် ဘတ်ပေါင်းစုံ အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ဒုက္ခသည်များ၏ ဘဝများကို ပိုမို၍ အဓိပ္ပါယ်ပြည့်ဝစေနိုင်သော ဘဝများဖြစ်ထွန်းစေရေးအတွက် အခွင့်အလမ်းများ ပိုမိုပေးနိုင်စေရေး အကောင်အထည်ဖော်နိုင်မည်ဟု မျှော်လင့်ရသည်။

## (က) အလားအလာများ/ ရှုမြင်ချက်

**ရွှေ့ပြောင်းအလုပ်သမားများ။** ။ ထိုင်းနိုင်ငံတွင် အနည်းဆုံး ရွှေ့ပြောင်းအလုပ်သမား တစ်သန်းခန့် ရှိသည်။ နှစ်သန်း သို့မဟုတ် ယင်းထက်ပိုမို၍ ပိုကောင်းပိုနိုင်သည်။ အများစုမှာ မြန်မာနိုင်ငံမှ လာသူများဖြစ်သည်။ လွန်ခဲ့သောကာလများတွင် ယင်းရွှေ့ပြောင်းအလုပ်သမားများဆိုင်ရာမူဝါဒများသည် ရေရှည်မဟုတ်သော ယာယီ မဟာဗျူဟာများသာ ဖြစ်ခဲ့သည်။ နှစ်အလိုက် အကန့်အသတ်ဖြင့် မှတ်ပုံတင်ရေးကိုသာ သဘောတူခဲ့သည်။ စုစုပေါင်းလူဦးရေ၏ အချိုးအစိတ် တပိုင်းမျှ အတွက်သာ ဖြစ်ခဲ့သည်။ ၂၀၀၁ ခုနှစ်စ၍ တိုင်းပြည်အဝှမ်းရှိ ရွှေ့ပြောင်းလာသူများအားလုံးကို မှတ်ပုံတင်ခွင့် ပြုပေးခဲ့သဖြင့် အရည်အတွက်ပိုမိုများပြားစွာ မှတ်ပုံတင်ခဲ့သည်။ (၂၀၀၄ ခုနှစ်တွင် မိသားစုများအပါအဝင် ၁ ဒသမ ၂၅ သန်း မှတ်ပုံတင်ခဲ့သည်။) သို့သော် ခန့်မှန်း၍မရနိုင်သော အလုပ်သမားထုသည် ဗျူရိုကရေစီယန္တရားနှင့် စျေးနှုန်းကြီးမြင့်သည့်အပေါ် လာရောက်မှတ်ပုံမတင်ကြသေးဟု ယုံကြည်ရသည်။ နောက်ဆုံးမှတ်ပုံတင်ခြင်းတွင် တနှစ်စာ ID ကဒ်များ ထုတ်ပေးခြင်းနှင့် ထိုင်းကျန်းမာရေးဌာနသို့ ဆေးဝါးကုသနိုင်ခွင့်ပါ ပါဝင်ခဲ့သည်။

ရွှေ့ပြောင်းအလုပ်သမားအား မှတ်ပုံတင်ပေးခြင်းသည် ထိုင်းနိုင်ငံအတွင်းရှိ ဒုက္ခသည်များအပေါ် တိုက်ရိုက်သတ်ရောက်မှု ရှိသလို သွယ်ဝိုက်သော သတ်ရောက်မှုများလည်း ရှိသည်။ ပထဦးဆုံး အချက်အနေဖြင့် မြန်မာရွှေ့ပြောင်းအလုပ်သမား အများစုသည် ဒုက္ခသည်များဖြစ်ကောင်း ဖြစ်နိုင်သည်။ စခန်းတွင်းတွင်လက်ရှိရှိနေသော ဒုက္ခသည်များနည်းတူ လူအခွင့်အရေးချိုးဖောက်မှု ခံရပြီး ၎င်းတို့ အိုးအိမ်များကို စွန့်ခွာထွက်ပြေးလာသူများ ဖြစ်ကောင်းဖြစ်နိုင်သည်။ ရွေးချယ်ခွင့်အနေဖြင့် ၎င်တို့သည် စခန်းအတွင်းတွင် မရှိနေကြပေ။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် တူညီသော အသိုင်းအဝန်းမှ လာကြသူများ မဟုတ်သလို ၎င်းတို့အတွက် လက်တွေ့ကျသော ဝင်ခွင့်ပြုသည့် စနစ်မရှိ သေးသောကြောင့် ဖြစ်နိုင်သည်။ ၎င်းတို့သည် အနိုင်ကျင့်ခံ၊ ခေါင်းပုံဖြတ်ခံနိုင်ရသည့် အခြေအနေအောက်တွင် ရှိနေသေးသော်လည်း၊ ရွှေ့ပြောင်းအလုပ်သမားမှတ်ပုံတင်ခြင်းသည် အကာအကွယ်ပေးမှု အတိုင်းအတာတခုနှင့် အသက်ရှင် ရပ်တည်နေရေးအတွက် အခွင့်အလမ်းတခုကို ဖန်းတည်း ပေးလိုက်သည်။

ဒုတိယအချက်အနေဖြင့် ရွှေ့ပြောင်းအလုပ်သမားဆိုင်ရာ ကိစ္စရပ်များကို ပိုမိုသဘောပေါက်နားလည်လာခြင်းနှင့် မှတ်ပုံတင်ခြင်း အတွေ့အကြုံများက ဒုက္ခသည်ဆိုင်ရာမူဝါဒကို သတ်ရောက်နိုင်သည်။ ထိုင်းနိုင်ငံက အလုပ်အင်အား ပမဏများစွာလိုအပ်နေသည်နှင့် အထောက်အထားတခု၏တန်ဖိုးကို သိရှိနားလည်လိုက်ခြင်းက ဒုက္ခသည်လူဦးရေသည် လုပ်အားအရင်းအမြစ်တခုဖြစ်နိုင်ပြီး၊ ဒေသဆိုင်ရာစီးပွားရေးကိုလည်း အထောက်အကူ ဖြစ်စေနိုင်သည်ဟူသော သဘောပေါက်ချက်ကို ဦးတည်သွားစေသည်။ ဒုက္ခသည်များကို ID ကဒ်များ ထုတ်ပေးမည်ဟု ကတိကဝတ်ပြုထားဆဲဖြစ်သည်။ ဒုက္ခသည်များကို စခန်းပြင်ပသို့ အလုပ်ထွက်လုပ်ခွင့် သို့မဟုတ် အခြားသော အကြောင်းပြချက်များဖြင့် ထွက်ခွင့်ပြုကောင်းပြုနိုင်သော သဘောတူညီအောက်တွင် ယင်းကဒ်သည် အထောက်အကူ ပြုကောင်း ပြုလိမ့်မည် ဖြစ်သည်။

လက်ရှိထိုင်းမူဝါဒက ၂၀၀၂၊ ၂၀၀၃ ခုနှစ်အတွင်း ကမ္ဘောဒီးယား၊ လောနှင့် မြန်မာနိုင်ငံအကြား အနာဂတ်တွင် အလုပ်သမားလှုပ်ရှားမှုများကို တရားဝင်လမ်းကြောင်းများမှ ထိန်းချုပ်ရမည်ဟု သဘောတူ လက်မှတ် ထိုးထားချက်ကို အကောင်အထည်ဖော်ရမည် ဖြစ်သည်။ ရည်ရွယ်ချက်မှာ လက်ရှိဖြစ်နေသော “တရားဝင်ဖြစ်ရေးအခြေခံ”မှ ဖယ်ကွာရေးဖြစ်သည်။ ယင်းအခြေခံမှာ ရွှေ့ပြောင်းအလုပ်သမားများသည် တိုင်းပြည်မှ တရားမဝင်ထွက်ခွာလာကြပြီး၊ ဤနေရာတွင် တရားဝင်အောင် ပြုလုပ်ကြသည်။ ထို့ကြောင့် ၎င်းတို့၏ မူရင်းတိုင်းပြည်အတွင်းမှာပင် ရွှေ့ပြောင်းအလုပ်သမားများ ခွင့်ပြုချက်ရရှိနိုင်သော တရားဝင်ရွှေ့ပြောင်းရေးစီမံကိန်းကို အကောင်အထည်ဖော်ရန်ဟူသော ရည်ရွယ်ချက်ဖြစ်သည်။ လောနှင့် ကမ္ဘောဒီးယားနိုင်ငံများတွင် ယင်းလုပ်ငန်းစဉ်ကို ရှေ့နှစ်တွင် အပြည့်အဝ အကောင်အထည် ဖော်တော့မည်ဖြစ်သည်။ တရားဝင် ခွင့်ပြုချက်မရရှိသောသူများသည် မူရင်းတိုင်းပြည်သို့ ပြန်လည်ပို့ဆောင်ခြင်း ခံရမည်ဖြစ်သည်။

မြန်မာအလုပ်သမားများအတွက် ယင်းမူဝါဒအကောင်အထည်ဖော်ရန် ပထမအဆင့်အနေဖြင့် မြန်မာနိုင်ငံသည် ၎င်းတို့၏နိုင်ငံသား အလုပ်သများဖြစ်ကြောင်း အတည်ပြုရန် ရှေ့နှစ်တွင် အစိုးရအရာရှိများကို စတင်စေလွှတ်ရမည် ဖြစ်သည်။ သို့သော်

ကမ္ဘောဒီးယားနှင့် လောနိုင်ငံများနှင့်စာလျှင် လွန်စွာကြီးမားလှသော အရည်အတွက် နှင့် မြန်မာအလုပ်သမားများ၏ အစိုးရအရာရှိများထံ ကိုယ်တိုင်ကိုယ်ကျ လာရောက်တွေ့ဆုံရန် တုံ့ဆိုင်းနေရမှုများက လာမည့်အနာဂတ်တွင် မြန်မာနိုင်ငံအတွက် ယင်းကဲ့သို့သော သဘောတူညီချက်များသည် လက်တွေ့ကျရန် ခက်ခဲနေသေးသည်။

နှစ်စဉ် မှတ်ပုံပြန်လည်တင်းခြင်းသည်သာလျှင် မြန်မာရွှေ့ပြောင်းအလုပ်သမားများအတွက် ပွင့်နေသော တခုတည်းသော နည်းလမ်းဖြစ်ကောင်း ဖြစ်နိုင်သည်။ ယခုနှစ်တွင် မှတ်ပုံတင်ထားသော အလုပ်သမားများအားလုံးသည် ဂျွန်လအကုန်တွင် ပြန်လည်မှတ်ပုံတင်ရန် လိုအပ်ခဲ့သည်။ အလုပ်သမားတော်တော်များများသည် ယင်းစနစ်၏ အပြင်ဖက်တွင် ဆက်လက်ရှိနေကောင်း ရှိနေနိုင်သေးသည်။ အလုပ်ရှင်၏ စပေါ်ငွေအမြောက်အများပေးသွင်းရမည့် စနစ်ကို အကောင်အထည်မဖေါ်ခဲ့သော်လည်း၊ ပေးသွင်းရသော ငွေကြေး များပြားမှုနှင့် အလုပ်ရှင်များကို လတ်မှတ်များ သိမ်းဆည်းခွင့် ပေးနေခြင်းများက မှတ်ပုံတင်ရန်အတွက် စိတ်မပါဝင်မှုကို ဆက်လက်ဖြစ်နေသေးသည်။ တိုးတက်မှုများ ဖြစ်ထွန်းခဲ့သော်လည်း၊ ရေရှည်အတွက် လိုအပ်ချက်များ ဆက်လက်ရှိနေဆဲဖြစ်ပြီး၊ ရွှေ့ပြောင်းအလုပ်သမားများအတွက် ပိုမိုပြည့်စုံသောနည်းနာများလည်း လိုအပ်နေသေးသည်။

**နိုင်ငံတွင်းအခြေမဲ့မှု။** ။ ထိုင်းနိုင်ငံသို့ရောက်ရှိလာသော ဒုက္ခသည်အများစုမှာ ယခင်ကတည်းက မြန်မာနိုင်ငံအတွင်းတွင် နိုင်ငံတွင်းအခြေမဲ့ဘဝသို့ ရောက်ရှိနေပြီး ဖြစ်သည်။ ၂၀၀၅ ခုနှစ်တွင် ကောက်ယူခဲ့သော စစ်တမ်းများကို အခြေခံရလျှင် မြန်မာနိုင်ငံအရှေ့ပိုင်းတွင် အိုးအိမ်များကို အတင်းအဓမ္မသော်လည်း၊ ဝတ္တရားအရသော်လည်း စွန့်ခွာထွက်ပြေးရသူ နှင့် မူရင်းဒေသသို့ ပြန်နိုင်ခြင်းမရှိသေးသောသူများ သို့မဟုတ် အခြားလူ့အဖွဲ့အစည်းအတွင်းသို့ ပြန်လည်မဝင်ရောက်နိုင်သေးသော နိုင်ငံတွင်းအခြေမဲ့လှည့်လည်သူပေါင်း စုစုပေါင်းအရေအတွက်သည် ၂၀၀၅ ခုနှစ်တွင် အနည်းဆုံး ၅၄၀၀၀၀ ဦးရှိရှိသည်ဟု ခန့်မှန်းခဲ့သည်။ တိုင်းရင်းသားလူမျိုးစုများ ထိန်းချုပ်သော အပစ်အခတ်ရပ်ဆဲထားသောဒေသများတွင် ယာယီအခြေချ နေထိုင်သူလူဦးရေ ၃၄၀၀၀၀၊ စစ်ပွဲများ၏ ဘေးအန္တရယ် အကျရောက်ဆုံးနေရာများတွင် နအဖ၏ ရန်မှပုန်းအောင်းနေကြသော အရပ်သား ၉၂၀၀၀ ဦးရေ နှင့် နအဖ၏ ပြောင်းရွှေ့ရေးအမိန့်ကို နာခံပြီး သတ်မှတ်ထားသော ပြောင်းရွှေ့ရေးစခန်းသို့ ပြောင်းရွှေ့ခဲ့သော ရွာသား ၁၀၈၀၀၀ ဦးရေ ပါဝင်သည်။

**Figure 2.1: Distribution of Internally Displaced Persons in Eastern Burma in 2004 and 2005**

| States and Divisions | IDPs in Hiding | | IDPs in Relocation Sites | | IDPs in Ceasefire Areas | | Total IDPs | |
|---|---|---|---|---|---|---|---|---|
| | 2004 | 2005 | 2004 | 2005 | 2004 | 2005 | 2004 | 2005 |
| South Shan | 9,300 | 20,800 | 21,800 | 23,700 | 185,000 | 174,500 | 216,100 | 219,000 |
| Karenni | 7,000 | 9,500 | 6,400 | 7,500 | 75,000 | 75,500 | 88,400 | 92,500 |
| East Pegu | 13,500 | 13,400 | 4,500 | 7,900 | 0 | 0 | 18,000 | 21,300 |
| Karen | 46,900 | 38,800 | 13,400 | 6,100 | 75,000 | 45,000 | 135,300 | 89,900 |
| Mon | 2,300 | 2,500 | 3,800 | 6,200 | 25,000 | 40,000 | 31,100 | 48,700 |
| Tenasserim | 5,000 | 7000 | 27,100 | 56,600 | 5,000 | 5,000 | 37,100 | 68,600 |
| **Overall** | **84,000** | **92,000** | **77,000** | **108,000** | **365,000** | **340,000** | **526,000** | **540,000** |

လွန်ခဲ့သော ခြောက်လအတွင်း၊ ကရင်ပြည်နယ်မြောက်ပိုင်းနှင့် ဆက်စပ်နေရာများ အတွင်း မြန်မာစစ်တပ်၏ ဆိုးဝါးသော လူ့အခွင့်အရေးချိုးဖောက်မှုများအပေါ် နိုင်ငံတကာ၏ စိတ်ဝင်စားမှုသည် အံ့သြဖွယ်ရာ ကောင်းလောက်အောင်ပင် ရှိခဲ့သည်။ တောင်ငူတောင်တန်းများပေါ်တွင် လွန်ခဲ့သော နှစ်အကုန်ပိုင်းတွင် နအဖ တပ်ဖွဲ့များ ပိုမိုလှုပ်ရှားလာခဲ့သည်။ သို့သော် မတ်လတွင် ယင်းရှင်လင်းရေး စစ်ကြောင်းများ၏ ဦးတည်ချက်သည် ကျောက်ကြီးတောင်ဖက်ခြမ်းဆီသို့ ပြောင်းရွှေ့ဦးတည်ခဲ့သည်။ ထို့နောက်ဧပြီလတွင် ဖာပွန်နှင့် ရွှေကျင်တောင်ကုန်းများဆီသို့ ပျံ့နှံ့ခဲ့သည်။ မေလတွင် မိုးရာသီစတင်သော်လည်း များပြားလှသော နအဖ၏ စစ်ဆင်ရေးဗျူဟာနှင့် ခမရတပ်ရင်းများ ပြန်လည်စုဆည်း၍ သည် ဇွန်လတွင် စုပေါင်းစစ်ဆင်ရေးအတွက် ၎င်းတို့၏ တပ်ဖွဲ့များကို



ရိက္ခာပြန်လည်ဖြည့်တင်းပေးခဲ့သည်။ ယင်းစစ်ဆေးရေးတွင် အရပ်သားနှင့် လက်နက်ကိုင် ပစ်မှတ် ခွဲခြားခြင်း မရှိပေ။ **Free Burma Rangers** များက နောက်ဆုံးအပတ် အတင်းအကြပ်ပြောင်းရွှေ့မှု၊ ရွာမီးရှို့မှု၊ ရိက္ခာများဖျက်ဆီးခံရမှု နှင့် အရပ်သားပစ်မှတ်နှင့် စစ်ဖက်ဆိုင်ရာ ပစ်မှတ် မခွဲခြားပဲ တသားတည်း အမြောက်နှင့် ပစ်ခတ်မှုအပေါ် စိုးရိမ်ကြောက်ရွံ့မှုများကြောင့် လူပေါင်း ၁၈၀၀၀ ကျော် ပုန်းအောင်နေရသည်ဟု ခန့်မှန်းကြသည်။ ယခုနှစ်အစပိုင်းမှစ၍ ကျောက်ကြီးမြို့နယ် မြောက်ဖက်ဒေသတခုတွင်းပင်လျှင် အရပ်သားပြည်သူပေါင်း ၁၉ ဦး အသတ်ခံခဲ့ရသည်ဟု ကရင်အကူအညီပေးရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာရုံး (KORD) သတင်းပေးပို့ခဲ့သည်။ တချိန်တည်းမှာပင် ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG)ကလည်း ဖာပွန်တောင်တန်းများပေါ်တွင် နအဖ၏ ဖမ်းဆီးလာသော ပေါ်တာရှစ်ဦးကို သတ်ဖြတ်မှုအပေါ် မှတ်တမ်းတင်ထားပြီး ဖြစ်သည်။

အသက်ရှင်ခွင့်အား ခြိမ်းခြောက်မှုသည် အခြား ဒေသများကဲ့သို့ မဆိုးဝါးသော်လည်း၊ စနစ်တကျချိုးဖောက်သော လူ့အခွင့်အရေးချိုးဖောက်မှုများကြောင့် အသက်ရှင်ရပ်တည်ရေးလုပ်ငန်းများအား ဆက်လက်၍ ချိနဲ့စေသည်။ နအဖက ၄င်း၏ အစားထိုးလောင်စာစီထုတ်လုပ်ရေးအတွက် နိုင်ငံအဝှမ်းစိုက်ပျိုးနေသော ကြက်ဆူပင်စီမံကိန်းနှင့် ပတ်သက်၍ ဝေဖန်မှုများကို ဥပဒေ ချိုးဖောက်သည့်လုပ်ရပ်အဖြစ် သတ်မှတ်နေပြီးယင်းလုပ်ငန်းစဉ်သည် မည်ကဲ့သို့ လူအခွင့်အရေး ချိုးဖောက်နေသည်နှင့် လယ်သမားများ၏ ဘဝ မည်ကဲ့သို့ ပိုမို ချွတ်ချုံကြစေသည်နှင် ပတ်သက်၍ ရှမ်းပြည်က လာသော အစီရင်ခံစာများတွင် ဖေါ်ပြခဲ့သည်။ နမ့်ဇမ်၊ မော်ပန်း၊ မော်မိုင်၊ လွိုင်လင်၊ လွိုင်ခ နှင့် ခွန်ဟင်းမြို့နယ်များတွင် လွန်ခဲ့သော ခြောက်သွေ့ရာသီအတွင်း ယင်းကြက်ဆူပင်စီမံကိန်းနှင့် စပ်လျဉ်း၍ မြေယာသိမ်းဆည်းမှုများနှင့် အတင်းအကြပ် စိုက်ခင်းများ စိုက်ပျိုးခံနေကြောင်းကို ရှမ်းလူ့အခွင့်အရေးအဖွဲ့ (SHRF) က မှတ်တမ်းတင်ထားခဲ့သည်။ ရွာသားများကလည်း ဒေသခံအာဏာပိုင်များက မျိုးသီးနှံများကို မဝယ်မနေရ ဝယ်နေရပြီး၊ ထုတ်ကုန်များကိုလည်း ဈေးကွက်ထက်နိမ့်ကျသော ဈေးဖြင့် ရောင်းချရကြောင်း အစီရင်ခံခဲ့ကြသည်။

ကရင်ပြည်နယ်မြောက်ပိုင်းနှင့် တောင်ပိုင်းရှမ်းပြည်နယ်အတွင်း မတည်ငြိမ်မှုများကြောင့် ကရင်နီပြည်နယ် အတွင်းသို့ နိုင်ငံတွင်းအခြေမဲ့လှည့်လည်သူ အလုံးအရင်းနှင့် ဝင်ရောက်လာမှုကို ဖြစ်စေခဲ့သည်။ သို့သော် ယင်းအခြေမဲ့မှုသည် ကရင်နီပြည်သူများအကြား အပိုဆောင်း ဝန်ထုတ်ဝန်ပိုးဖြစ်စေခဲ့သည်။ ရှားဒိုးမြို့နယ် မြောက်ဖက်ခြမ်းတွင် ကရင်နီလူမှုဖူလုံရေးနှင့် ဖွံ့ဖြိုးရေးကော်မတီ (KSWDC) က ၂၀၀၁ ခုနှစ်တွင် ရှားဒေါ ပြောင်းရွှေ့ရေးစခန်းမှ တရားမဝင် အခြေချနေထိုင်နေကြသော ကျေးရွာ ၁၅ ရွာ အရှည်တည်တန့်မှုကို မတ်လနှင့် ဧပြီလအတွင်း နအဖ၏ အသစ်ချထားသော တပ်ဖွဲ့၏ ရမ်းကား လူမဆန်သော လုပ်ရပ်များကြောင့် ပျက်ဆီးခဲ့ရသည်။ ရွာသားများသည် အဆောက်အဦးများဆောက်ရန် ထောက်ပံ့ပေးပစ္စည်းများ တောင်းခံခြင်း၊ နေ့စဉ် အတင်းအကြပ် လုပ်အားပေးခံရခြင်းများကို ချက်ချင်းဆိုသလို ရင်ဆိုင်ခဲ့ရသည်။ ရွာသားများ ပဋိပက္ခကို ရှောင်ပြေးစဉ်ကကဲ့သို့ တချိန်တည်းမှာပင် ရိက္ခာပစ္စည်းများ ဖျက်ဆီးခံရခြင်း နှင့် ရှမ်းပြည်တောင်ပိုင်းတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများမှ ချိုးဖောက်မှုများဖြစ်ပေါ်လာနေသောကြောင့် အထောက်အပံ့များ လိုအပ်ခဲ့သည်။

တရားဥပဒေစိုးမိုးမှု ပျက်သုဉ်းခြင်း နှင့် လူ့အခွင့်အရေးချိုးဖောက်ခြင်းများ၏ နောက်ဆက်တွဲများသည် ၂၀၀၆ ခုနှစ် ပထမနှစ်ဝက်အတွင်း မွန်ပြည်နယ်တွင်လည်း ပေါ်ပေါက်ခဲ့သည်။ မုဒုံမြို့နယ်အတွင်းရှိ မြန်မာလောင်စာစီနှင့် ဓါတ်ငွေ့လုပ်ငန်း (MOGE's)၏ ပြည်တွင်းဓါတ်ငွေ့ပိုက်လိုင်းသည် ဖေဖေါ်ဝါရီလတွင် ပေါက်ကွဲတခု ဖြစ်ပွားခဲ့ပြီးနောက်၊ ဖေါက်ခွဲမှုအပေါ်တွင် သံသယရှိမှုဖြင့် ပတ်ဝန်းကျင်ကျေးရွာများအားလုံးကို ပြစ်ဒဏ်ခတ်ခဲ့သည်။ သို့သော် ယင်းကဲ့သို့မျိုး လျှစ်စစ်ပိုင်းဆိုင်ရာ မတော်တစဖြစ်မှုသည် လွန်ခဲ့သောကာလများ အတွင်းတွင်လည်း ပုံမှန်ဖြစ်နေကြ ကိစ္စရပ်တခု ဖြစ်သည်။ ကော်ဝိန်းသတင်းအေဂျင်စီ (Kao Wao News) က ကျေးရွာခေါင်းဆောင်နှစ်ဦး အမှုဖွင့်ခြင်းမရှိပဲ ထိန်းသိမ်းခြင်း ခံခဲ့ရပြီး၊ နောက်ပိုင်းလများတွင် ရွာသား ၁၀၀ နီးပါး ပိုက်လိုင်းများကို အတင်းအကြပ် ကင်းစောင့်ခိုင်းခဲ့သည်ဟု သတင်းပေးပို့ခဲ့သည်။ ထို့အပြင် အနီးစပ်ဆုံးကျေးရွာများမှ အိမ်ထောင်တခုစီအား အမေရိကန်ဒေါ်လာ ၃၀၀ နှင့် ညီမျှသော လျော်ကြေးငွေပေးဆောင်ရန် အမိန့်ပေးခဲ့သည်ဟုလည်း သတင်းပေးပို့ခဲ့သည်။

တန်သာရီတိုင်းမှလာသော အစီရင်ခံစာများအရ သောင်းကျန်းသူတန်ပြန်ထိုးစစ်များသည် တိုက်ခိုက်မ–ဖြစ်ပွားရာနေရာများတွင် အရပ်သားနှင့် လက်နက်ကိုင်များအကြား ခွဲခြားရန် ပျက်ကွပ်ခဲ့သည်သာမက အစိုးရ ထိန်းချုပ်ရာဒေသများနှင့် အုပ်ချုပ်မှုအရရောထွေးသောဒေသများအတွင်း နေထိုင်သူကျေးရွာသားများ၏ အသက်မွေးဝမ်းကြောင်းမှုကိုပါ ဖျက်ဆီးခဲ့သည်ဟု ညွှန်ပြနေသည်။ နိုင်ငံတွင်းအခြေမဲ့လှည့်လည်နေထိုင်သူ ကရင်ပြည်သူများဆိုင်ရာ ကော်မတီ (CIDPK) က ၂၀၀၅ ခုနှစ် အဆုံးပိုင်းတွင် သရက်ချောင်းမြို့နယ် တော်ဖက်ခြမ်းတွင် စပါးများရိတ်သိမ်းရန် နှင့် ကွမ်းသီခြံများအတွင်း အလုပ်လုပ်ကိုင်ရန်အတွက် ရွှေ့ပြောင်းရေးစခန်းမှ အပြင်ထွက်ခွင့်ကို သုံးလမျှ ပိတ်ပင်ခဲ့ကြောင်း မှတ်တမ်းတင်ထားခဲ့သည်။

ယင်းအထူး ကန့်သတ်ချက်သည် ၂၀၀၆ ခုနှစ်အတွင်း လူပေါင်း ၁၀၀၀ အတွက် စားသောက်ရိက္ခာ ဆုံးရှုံးမှုကို ဖြစ်စေခဲ့ပြီး၊ မြန်မာနိုင်ငံအရှေ့ခြမ်းအတွင်းရှိ ကျေးရွာလူထုအတွက် အန္တရာယ်ဖြစ်စေသော ပင်မအကြောင်းရင်းတရပ်လည်း ဖြစ်သည်။

မြန်မာနိုင်ငံအရှေ့ခြမ်းဒေသအတွင်းရှိ နိုင်ငံတွင်းအခြေမဲ့မှုကို အကျဉ်းရုံးတင်ပြထားသကဲ့သို့၊ နောက်ဆက်တွဲ (ဆ) တွင်လည်း နအဖ၏ စစ်စခန်းများ ဆက်လက်တိုးချဲ့မှုနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၏ ဆိုးဝါးသော သတ်ရောက်မှုများကိုလည်း ဖေါ်ပြထားသည်။ နယ်မြေများလက်ဝယ်ရရှိရန်အတွက် နအဖသည် မြန်မာနိုင်ငံအရှေ့ခြမ်းတခုလုံးတွင် တပ်ရင်းများတိုးချဲ့မှုကို နှစ်ဆပို၍ လုပ်ဆောင်ခဲ့သည်။ မြန်မာစစ်တပ်၏ ရှေ့တန်းတပ်ဖွဲ့များအတွက် ရိက္ခာကို ဖြတ်တောက်ခဲ့သည်။ ကျေးရွာသားများက ယင်းစစ်တပ်တိုးချဲ့မှုများကို အထောက်အပံ့ဖြစ်စေရန်အတွက် စပါးခင်းများနှင့် သီးနှံခင်းများကို သိမ်းဆည်းခံခဲ့ရသည်။ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များသည် ပဋိပက္ခဖြစ်ပွားရာဒေသအတွင်း ဆင်းရဲမွဲတေမှုကို အနည်းငယ်မျှသာ ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ဆန့်ကျင်ဖက်အားဖြင့် ယင်းလုပ်ဆောင်ချက်များသည် ပြည်သူများ၏ အသက်မွေးဝမ်းကြောင်းမှုများကို တခါတရံ ဖျက်ဆီးတက်ပြီး၊ ကျေးရွာလူထုအပေါ် စစ်တပ် ထိန်းချုပ်ရေးအတွက်ကိုသာ အဓိကအားဖြင့် လုပ်ဆောင်ပေးသည်။

နိုင်ငံရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု။ ။ မြန်မာနိုင်ငံအတွင်း နိုင်ငံရေးအပြောင်းအလဲအတွက် မျှော်လင့်ချက်သည် ဝေဝါးဝါး ဖြစ်နေဆဲပင်ဖြစ်သည်။ အောက်တိုဘာလတွင် အမျိုးသားညီလာခံပြန်စရန် ရည်ရွယ်ထားသည်ဟု မကြာသေးခင်က နအဖက အတည်ပြုခဲ့သော်လည်း ယခင်ညီလာခံသတ်တမ်းများထက် ပိုမို၍ ကိုယ်စားပြုမှု သို့မဟုတ် ဒီမိုကရေစီကျမှု များနိုင်မည်နှင့် ပတ်သက်၍ မျှော်လင့်ချက် အနည်းငယ်သာ ထားနိုင်သည်။

ကုလသမဂ္ဂ နိုင်ငံရေးဆိုင်ရာလက်ထောက်အတွင်းရေးမှူးချုပ် အီဘရာဟင် ဂမ်ဘာရီ၏ မေ ၁၈ မှ ၂၀ ရက်နေ့အထိ လာရောက်လည်ပတ်ခဲ့သောအခါတွင် သံတမန်ရေးအရ လှုပ်ရှားဆောင်ရွက်မှု အနည်းငယ်နှင့် သတိဖြင့် အကောင်းမြင်မှုတွေလည်း ဖြစ်ထွန်းခဲ့သည်။ ပျဉ်းမနားတွင် နအဖ ဗိုလ်ချုပ်ကြီးများနှင့် တွေ့ဆုံခဲ့ပြီး၊ ရန်ကုန်အစိုးရ ဧည့်ရိပ်သာတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ခွင့်ရခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်သည် သုံးနှစ်နီးပါးကာလအတွင်း ပြင်ပလူနှင့် တွေ့ခွင့်ရခဲ့သော ပထမဦးဆုံး အကြိမ်လည်း ဖြစ်ခဲ့သည်။ မစ္စတာ ဂမ်ဘာရီ၏၏ ခရီးစဉ်သည် ကရင်ပြည်နယ်အတွင်း နအဖ ထိုးစစ်နှင့် ပတ်သက်၍ နိုင်ငံတကာ မီဒီယာများမှ ကျယ်ကျယ်ပြန့်ပြန့် ဖေါ်ပြချိန်တွင် ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ ယင်းအချက်သည်လည်း စစ်အစိုးရနှင့် နောက်ထပ်ဆွေးနွေးစရာ ခေါင်းစဉ်တခု ဖြစ်ခဲ့သည်။

မစ္စတာ ဂမ်ဘာရီက နအဖသည် “စာမျက်နှာအသစ်ကို ဖွင့်လှစ်ရန်” ဆန္ဒရှိနေကြောင်းနှင့် ဒေါ်အောင်ဆန်းစုကြည်ကိုလည်း မကြာမီ ပြန်လွှတ်လိမ့်မည်ဟု မျှော်လင့်သည်ဟု ၄င်း၏ ခရီးစဉ်ကို ကောက်ချက်ချခဲ့သည်။ သူမ၏ လက်တလော ခြောက်လကြာ ချုပ်နှောင်ထားမှုသည်လည်း မေလ ၂၇ ရက်နေ့တွင် ကုန်းဆုံးမည်ဖြစ်သည်။ ယင်းအကောင်းမြင်မှုသည် ခေတ္တခဏမျှသာ ခံခဲ့သည်။ မစ္စတာ ဂမ်ဘာရီရန်ကုန်ကထွက်ပြီး ရက်ပိုင်းအတွင်းမှာပင် နအဖက ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်အကျယ်ချုပ်ကို နောက်ထပ် တနှစ်သက်တမ်းတိုးလိုက်ကြောင်း ကြေငြာခဲ့သည်။ ကရင်ပြည်နယ်အတွင်း စစ်ရေးအရ လှုပ်ရှားမှုများသည်လည်း ဆက်လက်ပြင်းထန်ခဲ့သည်။

နအဖ၏ ခေါင်းမာမှုသည် နိုင်ငံတကာအသိုင်းအဝန်း နောက်တဖတ် ထပ်မံ စမ်းသပ်လိုက်ခြင်း ဖြစ်သည်။ နိုင်ငံအများအပြားက ဒေါ်အောင်ဆန်းစုကြည်ကို ဆက်လက်ဖမ်းဆီးချုပ်နှောင်ထားမှုအပေါ်နှင့် ကရင်ပြည်နယ်အတွင်း ထိုးစစ်ဆင်မှုများအပေါ် စစ်အစိုးရကို ဝိုင်းဝန်းပြစ်တင်ရှုံ့ချကြပြီး၊ အမေရိကန်ပြည်ထောင်စုက မြန်မာ့အရေးကို လုံခြုံရေးကောင်စီသို့ မူကြမ်းရေးဆွဲ၍ တင်ပြမည့် ဆန္ဒရှိကြောင်း ထုတ်ဖေါ်ပြောဆိုခဲ့သည်။

အာစီယမ် တိုင်းပြည်များသည် အံ့သြစရာကောင်းလောက်အောင်ပင် စစ်အစိုးရအပေါ် ဝေဖန်မှုများကို အချိန်အတန်ကြာအောင် ပြုလုပ်ခဲ့သည်။ မစ္စတာ ဂမ်ဘာရီ၏ ခရီးစဉ်က တိုက်ရိုက်စော်ကားမှုတခုအဖြစ် ရှုမြင်ခဲ့သည်။ မလေးရှားနိုင်ငံခြားရေးဝန်ကြီး ဆာရိဟာမတ် အယ်လ်ဘာ က အာစီယမ်၏ တရားဝင်ကိုယ်စားလှယ်အအဖြစ် နိုင်ငံရေးလုပ်ငန်းစဉ်များကို အထောက်အကူပေးရန် မတ်လတွင် ရန်ကုန်သို့ သွားရောက်လည်ပတ်ခဲ့သည်။ သို့သော် ၄င်း၏ ခရီးစဉ်ကို ဘေးဖယ်ထားခြင်းခံခဲ့ရပြီး၊ ဒေါ်အောင်ဆန်းစုကြည်နှင့်လည်း တွေ့ခွင့်မရခဲ့ပေ။ ဇူလိုင်လအကုန်အတွင် ကွာလာလမ်ပူတွင်ပြုလုပ်ခဲ့သော အနီးကပ်ဆုံး အာစီယမ်နိုင်ငံခြားရေးဝန်ကြီးအစည်းအဝေးတွင် မစ္စတာအယ်လ်ဘာက ပြင်းထန်သော ထုတ်ပြန်ချက်တခုကို ထုတ်ပြန်ခဲ့သည်။ “ မြန်မာနိုင်ငံက စီးပွားရေးအရနှင့် နိုင်ငံရေးအရ ပြုပြင်ပြောင်းလဲရေးများ ပေါ်ထွန်းလာစေရေး ခိုင်မာသော တိုးတက်မှုများဖြစ်ထွန်းစေရေးအတွက် ၄င်းတို့ကိုယ်တိုင် မကြိုးစားရင်သော်လည်းကောင်း

သို့မဟုတ် ကျွန်ုပ်တို့နှင့် ပူပေါင်းဆောင်ရွက်ခြင်း မပြုလုပ်ပါက အာဆီယံအဖွဲ့ကြီးနောက်ဆုံးအဆင့်ကို ရောက်ရှိနေပြီ ဖြစ်သောကြောင့် မြန်မာနိုင်ငံအတွက် ခုခံကာကွယ်ပေးရန်မှာ မဖြစ်နိုင်တော့ချေ။” ဟု ယင်းထုတ်ပြန်ကြေငြာချက်တွင် ထည့်သွင်းဖော်ပြခဲ့သည်။ အာစီယံက ဒေါ်အောင်ဆန်းစုကြည်လွှတ်ပေးရေးနှင့် ပြုပြင်ပြောင်းလဲရေးအတွက် တိုးတက်မှုများမရှိခြင်း အပေါ် ပြင်းထန်သော တရားဝင်ထုတ်ပြန်ကြေငြာချက်တခုပြုလုပ်လိမ့်မည်ဟု ယူဆချက်များ ရှိခဲ့သည်။ နောက်ဆုံး တရားဝင်ထုတ်ပြန်ကြေငြာချက်သည် မျှော်လင့်ထားသလောက် မပြင်းထန်ခဲ့ပေ။ လေ့လာချက်များနှင့် တခါးပိတ် ဆွေးနွေးပွဲများမှထွက်လာသော သတင်းပေးပို့ချက်များအရ အာစီယံအဖွဲ့ဝင်နိုင်ငံများသည် ၎င်းတို့၏ လုပ်ဖော်ကိုင်ဖက်အတွက် ခုခံပြောဆိုရန် အတွက် စိတ်ပျက်လက်ပျက်မှုများ တိုးပွားနေကြောင်း ယင်းသတင်းစကားက ရှင်းလင်းစွာ ဖော်ပြခဲ့သည်။

တဆက်တည်းမှာပင် နိုင်ငံတကာ၏ စစ်အစိုးရနှင့် မည်ကဲ့သို့ ဆက်ဆံရမည့်အပေါ် ဒေါသထွက်နေမှုသည် နအဖ၏ ထိုးစစ်ရန်မှ နယ်စပ်တလျှောက်ရှိ တိုင်းရင်းသားအုပ်စုများအပေါ် မည်သို့မျှ အကာအကွယ်မပေးနိုင်ပေ။ အထူးသဖြင့် ကရင်လူမျိုးများအပေါ်တွင် ဖြစ်သည်။ နောက်ဆုံး ထိုးစစ်များသည် မိုးရာသီအထိ ဆက်လက် ဆင်နွှဲနေပြီး၊ ယခုပဋိပက္ခကို အဆုံးသတ်ရန် ဆန္ဒရှိနေကြောင်းနှင့် KNU ကို အဆုံးမှာ လက်နက်ချဝင်လာရေးအတွက် နအဖက ဖိအားပေးရန် ရည်ရွယ်ချက်ရှိနေသည်ဟု အချို့က စိုးရိမ်မကင်းဖြစ်နေကြသည်။ အကယ်၍သာ ယင်း စိုးရိမ်မကင်းဖြစ်မှုများက အတည်ဆိုပါက ဒုက္ခဆိုကျိုးတွေ ပိုမို၍ ဖြစ်လာလိမ့်မည်။ လူများ ထောင်၊ သောင်းချီ၍ အိုးအိမ်အခြေမဲ့ ဖြစ်လာလိမ့်မည်။ ထိုင်းနိုင်ငံသို့ ဒုက္ခသည်များ ပိုမို၍ ဝင်လာလိမ့်မည် ဖြစ်သည်။